ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့၊ (13-3-2011) (၆၇၀၂)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ကျင်းပ

ရန်ကုန် မတ် ၁၂

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို ယမန်နေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော အဖွဲ့ဝင် ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ဆောင်ရွက်

အစည်းအဝေးတွင် သဘာပတိ ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူး ဆရာတော်အဖြစ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက ဆောင်ရွက်တော်မူသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသကဲ့သို့ အခြား ရေခက်ခဲသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းရေငန်ဒေသများပါမကျန် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိ

ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ ကျင်းပ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၂

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ဝန်ထမ်းများက ငွေကျပ် ၅၀ ဒသမ ၆၄ သိန်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ငါးသိန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းက ငွေကျပ် ၃၅ သိန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းက ငွေကျပ် ၂၅ သိန်းတို့ကို လှူဒါန်းကြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် စည်ပင်သာယာရေးဘဏ်လီမိတက်က ငွေကျပ် သိန်း ၄၀၀၊ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်က ငွေကျပ်သိန်း ၃၀၀၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း၊ ဇနီး ဒေါ်မြင့်မြင့်အေးမိသားစုက ငွေကျပ် သိန်း ၁၀၀၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

ယနေ့ ကြေးမုံ သတင်းအညွှန်း

အစင်း(၂၆၀)မြောက် ထူးချောင်းတံတားဖွင့် စာမျက်နှာ - ၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပ စာမျက်နှာ - ၆

ဂျပန်ငလျင်နှင့် ဆူနာမီသိမှတ်ဖွယ် စာမျက်နှာ - ၄

ကြေးမုံ The Mirror
၁၃-၃-၂၀၁၁
(တနင်္ဂနွေနေ့)

ကျန်းမာရေးစာဖတ်ဝိုင်းများထူထောင် ပညာဖြန့်ဝေ

စာတတ်မြောက်မှု မြင့်မားသည့်နိုင်ငံများတွင် ကျန်းမာရေး အဆင့်အတန်း တိုးတက်လျက်ရှိသည်။ စာပေတတ်မြောက်ခြင်းသည် သိမှု၊ နားလည်မှု၊ တတ်မြောက်မှုတို့၏ အခြေခံဖြစ်ရာ ကျန်းမာရေး၊ ပျော်ရွှင်ချမ်းမြေ့ရေးတို့၏ အဓိကသော့ချက်ဖြစ်သည်။

နိုင်ငံ၏ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားစေရေး ကြိုးပမ်းဖော်ဆောင်ရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းကျော်ရှိရာ စာတတ်သူဦးရေ တိုးပွားလာလျက်ရှိသည်။ စာပေဖတ်ရှုသူ တစ်စတစ်စများပြားလာနေပြီ ဖြစ်သည်။ စာဖတ် ဝန်းကျင်ကောင်း၊ အသိပညာပေး စာကောင်းပေကောင်းများ ဖတ်ရှုနိုင်ရေး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်မှုနှင့်အတူ ကျန်းမာရေးအသိပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကုသမှုလုပ်ငန်းများနည်းတူ ရောဂါကြိုတင်ကာကွယ်ရေးသည် အရေးပါသည်။ ရောဂါမဖြစ်ပွားစေရေး၊ ရောဂါမကူးစက်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာ၌ ကျန်းမာရေးအသိပညာရှိနေရန် အထူးလိုအပ်သည်။

ပြည်သူများအား ကျန်းမာရေးအသိပညာပေးရာတွင် ကျန်းမာရေးစာဖတ်ဝိုင်းများက အထောက်အကူပေးနိုင်သည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် ထူထောင်ထားရှိရန်လိုသည်။ ကျေးလက်ကျန်းမာရေး စာဖတ်ဝိုင်းများတွင် အချိန်ကန့်သတ်မှုမထားဘဲ လူ ရှစ်ဦး၊ ၁၀ ဦး ခန့်ပါဝင်ပြီး သစ်ပင်ရိပ်၊ နေအိမ်၊ လယ်တဲတို့တွင် စုပေါင်း၍ စာပေဖတ်ရှု အသိပညာဖလှယ်နိုင်ကြသည်။

အချိန်ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်၊ ကျန်းမာရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖတ်ရှုဆွေးနွေးနိုင်မည်ဖြစ်သည်။ လူတိုင်း လူတိုင်းက တစ်ကိုယ်ရေသန့်ရှင်းမှု အစဉ်ဂရုပြုပြီး လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ စားကြွင်းစားကျန်များ စနစ်တကျစွန့်ပစ်ခြင်း၊ မိမိနေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းစေခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အခြေခံလုပ်ငန်းများ လိုက်နာဆောင်ရွက်ကြရေး ဆွေးနွေးအသိပညာပေးနိုင်ကြပေမည်။

စာတတ်မြောက်သူတိုင်း စာပေဖတ်ရှုကြလျှင် အနာလည်းသိ ဆေးလည်းရှိ၍ အသိကြွယ်ကာ၊ ကာကွယ်ကုသ ကျန်းမာကြမည်။ ကျန်းမာရေး စာဖတ်ဝိုင်းများ ထူထောင်ပေးခြင်းသည် ကျန်းမာရေးအသိပညာ ဗဟုသုတများ ကျေးလက်ဒေသအရောက် ဖြန့်ဝေရောက်ရှိနိုင်ပေမည်။ ပြည်သူလူထုအခြေပြု ကျန်းမာရေးအသိပညာပေးမှု တိုးမြှင့်ဆောင်ရွက်နိုင်ခြင်းဖြင့် လူတိုင်း အသက်ရှည်ကျန်းမာနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြတ်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်ဖွင့်လှစ်

နေပြည်တော် မတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် မြတ်မော်တင်စွန်းစေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို မတ် ၅ ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်မုခ်ဦးမဏ္ဍပ်ရှေ့၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်၍ တာဝန်ရှိသူတို့နှင့်အတူ ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးသည် စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းများ ကပ်လှူပူဇော်ပြီး တာဝန်ရှိသူများနှင့်အတူ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ယင်းနောက် တိုင်းမှူးသည် ဟိုင်းကြီးကျွန်းမြို့နယ် ကျောက်ချောင်းကျေးရွာ တံတားဖွင့်ပွဲသို့ တက်ရောက်ရာ တာဝန်ရှိသူများက တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက တံတားတစ်လျှောက် ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

ရန်ကုန် မတ် ၁၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်) သီတာခန်းမ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တွေ့ဆုံ၍ အရန်မီးသတ်တပ်ဖွဲ့သည် သန္နေတပ်ဖွဲ့ဝင်များနည်းတူ "ပြည်သူနှင့်မီးသတ် ရင်ချင်းအပ်၊ ငြိမ်းသတ်ကာကွယ် မီးအန္တရာယ်" ဟူသော ဆောင်ပုဒ်နှင့်အညီ ပြည်သူချစ်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်စေရေး ဆောင်ရွက်ကြရန် မှာကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး (ဦးစီး)က အရန်မီးသတ်တပ်ဖွဲ့ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး အရန်မီးသတ်တပ်ဖွဲ့များကိုယ်စား ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်တို့မှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်း

ရန်ကုန် မတ် ၁၂

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အတွင်း စံ(၅)ချက်နှင့်အညီ ကျေးရွာစာကြည့်တိုက်များ ဖြစ်ပေါ်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်မြို့ ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူး မြတ်ဦးက (၆၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာစာကြည့်တိုက်များအတွက် ငွေကျပ် ၃၃၀၀၀၀ တန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ ၃၅၅ အုပ် လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)တိုင်းဒေသကြီး ဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့က လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Rinnai ကုန်ပစ္စည်းများဖြန့်ချိခြင်း ငါးနှစ်ပြည့်အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၁၂

ဂျပန်နိုင်ငံထုတ် ရင်း(လ်)နိုင် (Rinnai) ထုတ်ကုန်ပစ္စည်းများ မြန်မာနိုင်ငံတွင် တင်သွင်းဖြန့်ချိခြင်း ငါးနှစ်ပြည့် နှစ်ပတ်လည် အခမ်းအနားကို ဖေဖော်ဝါရီ ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဂျပန်နိုင်ငံ Rinnai Corporation မှ President Mr. NAITO HIROYASU က အမှာစကားပြောကြားကာ Myanmar Kowa International Co., Ltd. မှ ဥက္ကဋ္ဌ ဦးနိုင်လင်းက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဧည့်သည်များထဲမှ ကံထူးရှင် ငါးဦးအား Water Heater များ၊ ဂက်(စ်)မီးဖိုများ ကံစမ်းမဲဖွင့်ပေးသည်။

တင်သွင်းဖြန့်ချိ

Myanmar Kowa International Co., Ltd.သည် ဂျပန်နိုင်ငံထုတ် အရည်အသွေးမြင့်မားသော Rinnai ကုန်ပစ္စည်းများဖြစ်သည့် ဂက်(စ်)ရေပူပေးစက်၊ လျှပ်စစ်ရေပူပေးစက်များ၊ ဂက်(စ်) ထမင်းပေါင်းအိုးများ၊ အညော်သန့်စင်စက်များ၊ လုပ်ငန်းသုံးနှင့်စားပွဲတင် ဂက်(စ်)မီးဖို အမျိုးမျိုးနှင့် အရွယ်အစားစုံ၊ Built in Hob Cookers နှင့် Gas Oven များကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိကြောင်း သိရသည်။

ဂျပန်နိုင်ငံထုတ် အရည်အသွေးမြင့်မားသော Rinnai ထုတ်ကုန်ပစ္စည်းများကို မြို့နယ်တိုင်းရှိ Rinnai Showroom များနှင့် Rinnai Sales and Service Station များတွင် ဝယ်ယူနိုင်ကြပြီး Rinnai Sales and Service Station ဖွင့်လှစ်လိုသူများသည် Myanmar Kowa International Co., Ltd. အမှတ်(၁၉၉) (၃၄)လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁ -၂၄၆၃၀၄ နှင့် ၂၄၅၉၂၅ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြကြောင်း သိရသည်။

(သတင်းစဉ်)

Rinnai Corporation, President Mr. NAITO HIROYASU ဂျပန်နိုင်ငံထုတ် ရင်း(လ်)နိုင် Rinnai ထုတ်ကုန်ပစ္စည်းများ တင်သွင်းဖြန့်ချိခြင်း ငါးနှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပတ္တမြားလမ်းနေ ဦးစိန်ထွန်းအောင်-ဒေါ်သိန်းထွေး သုံးလပြည့်အား ရည်စူး၍ သမီး မဇင်မာအောင်က ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးချစ်ဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀ စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ ဒသမ ၅ ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝတင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက်ရာခိုင်နှုန်း ၈၀ နှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော်မျိုးစေ့များအား မစိုက်မီ သုံး၊ လေးရက် နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ်အချိန်မီအောင်စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ်ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရဟန်းတော်များ သီလစသော ဂုဏ်တို့၌ သန့်ရှင်းနေမှသာ တည်မြဲနေမှသာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင် တည်မြဲနိုင်မည်

နေပြည်တော် မတ် ၁၂

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ တေရသမအစည်းအဝေး၌ သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားတော်မူသော ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးသို့ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို အလေးအနက်ထားကာ ကြွရောက်တော်မူလာကြပါကုန်သော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းချမ်းမြေ့ပါစေကြောင်း မေတ္တာပုဗ္ဗင်္ဂမအာသီသပတ္ထနာဖြင့် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ မူလအခြေခံသည် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးဖြစ်ပါသည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီး၏ မူလအခြေခံသည် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်ဆရာတော်များ ဖြစ်ပါသည်။ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်များ၏ မူလအခြေခံသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ငါးသိန်းကျော်ခန့်မျှသော ဂိုဏ်းပေါင်းစုံ သံဃာတော်အပေါင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဆောင်ရွက်အပ်သော သာသနာရေးကိစ္စဟူသမျှသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ရပါမည်။ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ကြီးက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်ပါက သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်အများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်တော့သည့်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံ သံဃာအများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါတော့သည်ဘုရား။

သို့ဖြစ်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးသည် မိမိတို့အဖွဲ့ကြီးက ဆောင်ရွက်အပ်သော သာသနာတော်၏ ကိစ္စဟူသမျှကို ပြည်ထောင်စု မြန်မာနိုင်ငံတော် တစ်ဝန်းလုံးရှိ ဂိုဏ်းပေါင်းစုံသံဃာအများစုက ကျေနပ်နှစ်သက်လက်ခံနိုင်သော ဆောင်ရွက်ချက်များဖြစ်အောင် သတိ သမ္ပဇဉ်တရားလက်ကိုင်ထားလျက် လေးလေးစားစား ဆောင်ရွက်သင့်ပါသည်ဘုရား။ ယင်းကဲ့သို့ ဂိုဏ်းပေါင်းစုံ သံဃာအများစုက ကျေနပ်နှစ်သက် လက်ခံနိုင်စေရန်အတွက် အရေးကြီးသော သာသနာတော်ကိစ္စများကို ဆောင်ရွက်ကြရာဝယ် မူလအခြေခံဖြစ်သော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၏ အကြံဉာဏ်များကို ရယူခြင်း၊ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်းတို့ဖြင့် နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်များ၏ အင်အားကိုလည်း ရယူသင့်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

ဘုရားတပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ အဓိကကျသောလုပ်ငန်းတာဝန်မှာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးပင်ဖြစ်ပါသည်။ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ဖြည့်စွက်ချက် အခန်း (၁၇) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းတာဝန်များ အပိုဒ်(၁၁၀) အပိုဒ်ခွဲ(က)၌ **"သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးကို တာဝန်ယူဆောင်ရွက်ရမည်"**ဟု ပြဋ္ဌာန်းထားပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် မိမိတို့တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များဖြစ်သည့် သာသနာတော်သန့်ရှင်းရေး၊ သာသနာတော် တည်တံ့ရေး၊ သာသနာတော်ပြန့်ပွားရေးနှင့် သံဃာစည်းလုံးညီညွတ်ရေးဟူသော အရေးကိစ္စများကို မျက်ခြည်ပြတ်မခံဘဲ မိမိတို့ကိုယ်တိုင် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသောဂုဏ်တို့ဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားခြင်းသို့ ရောက်နေအောင် ကျင့်ဆောင်ကြမှသာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်း တည်တံ့ ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

မြတ်စွာဘုရားရှင်သည်-

အင်္ဂုတ္တနိကာယ်၊ ပဉ္စကနိပါတ်၊ သေခဗလဝဂ်၊ ပထမ အဂါရဝသုတ် ဒုတိယ အဂါရဝသုတ်တော်များ၌-

"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော စဝတိ နပ္ပတိဋ္ဌာတိသဒ္ဓမ္မေ" စသည်ဖြင့်လည်းကောင်း၊ **"ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မ ဝိနယေ ဝုဍ္ဎိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ"** စသည်ဖြင့်လည်းကောင်း ဟောကြားတော်မူခဲ့ပါသည်။

ဤသုတ်တော်များ၏ အဓိပ္ပာယ်အကျဉ်းမှာ-

"သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိဘဲ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းမရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသော ဂုဏ်တို့မှ လျောကြ၏။ သီလ စသော ဂုဏ်တို့၌ မတည်မြဲနိုင်၊ ဓမ္မဝိနယ တည်းဟူသော သာသနာတော်၌ သီလစသည်ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ ရောက်ရန်မထိုက်တန်" "သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာမရှိဘဲ ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားခြင်း၊ အလေးဂရု ပြုထိုက်သောပုဂ္ဂိုလ်တို့၏အဆုံးအမ အဆိုအမိန့်စကားကို လေးစားနာယူခြင်းရှိသော ရဟန်းသည် သဒ္ဓမ္မသုံးဖြာ သာသနာတော်၌ သီလစသောဂုဏ်တို့မှ မလျောကြနိုင်၊ သီလ စသောဂုဏ်တို့၌ တည်မြဲနိုင်၏။ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ သီလစသည်ဖြင့် ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ရောက်ရန် ထိုက်တန်၏"ဟု ဆိုလိုပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ရဟန်းတော်များ သီလစသောဂုဏ်တို့၌ မသန့်ရှင်းလျှင်၊ မတည်မြဲလျှင် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင် တည်မြဲနိုင်မည်မဟုတ်ပါ၊ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့မရောက်လျှင် ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပွားခြင်းသို့ ရောက်နိုင်မည်မဟုတ်ပါ။

ရဟန်းတော်များ သီလစသော ဂုဏ်တို့၌ သန့်ရှင်းနေမှသာ တည်မြဲနေမှသာ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးလည်း သန့်ရှင်းနိုင် တည်မြဲနိုင်မည်ဖြစ်ပါသည်။ ရဟန်းတော်များ ဓမ္မဝိနယတည်းဟူသော သာသနာတော်၌ ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ရောက်နေမှသာ ဓမ္မဝိနယတည်းဟူသော သာသနာတော်မြတ်ကြီးလည်း ကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဟူသော အဓိကတာဝန်ကြီးများကို ဆောင်ရွက်နေကြရသော တပည့်တော်တို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်အရှင်မြတ်တို့သည် သဒ္ဓါ၊ ဟိရီ၊ ဩတ္တပ္ပ၊ ဝီရိယ၊ ပညာငါးဖြာသော တရားတို့နှင့်ပြည့်စုံကြလျက် ရိုသေလေးစားထိုက်သော ပုဂ္ဂိုလ်တို့အပေါ်၌ ရိုသေလေးစားသော သဂါရဝပုဂ္ဂိုလ်၊ အလေးဂရုပြုထိုက်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမ အဆိုအမိန့်စကားများကို လေးစားနာယူတတ်သော သပ္ပတိဿပုဂ္ဂိုလ်များဖြစ်အောင် ကျင့်ဆောင်တော်မူကြ၍ သံဃာစည်းလုံးညီညွတ်ရေး ပျက်ပြားဖွယ်ပြုလုပ်ပြောဆိုဆောင်ရွက်မှုတို့ကို မပြုလုပ်၊ မပြောဆို၊ မဆောင်ရွက်မိအောင် ရှောင်ကြဉ်တော်မူကြကာ ငါးသိန်းကျော်သော သံဃာတော်တို့က ပေးအပ်သော အဓိက တာဝန်ကြီးလေးရပ်ကို အတတ်နိုင်ဆုံးဆောင်ရွက်တော်မူကြပါဟု တိုက်တွန်းလျက် ဘုရားတပည့်တော်၏ သာရဏီယဩဝါဒကထာကို နိဂုံးကမ္ပတ် အဆုံးသတ်ပါသည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ
(အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက)
ဥက္ကဋ္ဌဆရာတော်

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

☆ရှေ့ဖုံးမှ

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး ထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ယင်းနောက် အစည်းအဝေး သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(သဘာပတိဆရာတော်၏ အစည်းအဝေးဖွင့် သာရဏီယဩဝါဒကထာကို အထက်တွင် ဖော်ပြထားပါသည်။)

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ အကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တနိမလက တင်သွင်းလျှောက်ထားတော်မူပြီး ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားတော်မူကြသည်။

ယင်းနောက် ဆရာတော်များက ဝိနိစ္ဆယရေးရာ၊သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို လျှောက်ထားတင်ပြခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပျံလွန်တော်မူသွားကြသော နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများအတွက် သံဝေဂဉာဏ်ပွားတော်မူကြောင်း မှတ်တမ်းတင်ရန်ကိစ္စနှင့် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသောနိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများနှင့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးများ၏ ဘွဲ့အမည်စာရင်းကို တင်သွင်း၍ အတည်ပြုချက်ရယူရန်ကိစ္စတို့ကို ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမအစည်းအဝေးသို့ တင်သွင်းပြီး အတည်ပြုချက်ရယူမည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြကာ ပထမနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ ဒုတိယနေ့ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် အမှူးပြုသော အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရဓဇက လည်းကောင်း၊သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒသာရက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များ အကြံပြုတင်ပြလာသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ပဉ္စမ အစည်းအဝေး အစီအစဉ်များကို အတည်ပြုချက်ရယူရန် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ အဖွဲ့ဝင်ဆရာတော်များက ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလ အတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမနက လည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသက လည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအရိယာလင်္ကာရက လည်းကောင်း ပြန်လည် ရှင်းလင်းလျှောက်ထားကြပြီး ဆောင်ရွက်ချက်အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင်ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသက အတည်ပြုချက်ရယူကာ အထွေထွေကိစ္စရပ်များကို ဆွေးနွေးတော်မူကြသည်။ ယင်းနောက် အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသောဆရာတော်များက "ဇယန္တော ဗောဓိယာမူလေ"အစချီ အောင်ဂါထာနှစ်ပိုဒ်ကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုကြကာ ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ တေရသမ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝေါမြို့နယ် စာပေနှင့်စာနယ်ဇင်း စာပေဟောပြောပွဲ ကျင်းပ

ဝေါ မတ် ၁၂

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့မှ ဒုတိယအကြိမ်စာပေဟောပြောပွဲကို ဖေဖော်ဝါရီ ၂၆ ရက် တွင် ဝေါမြို့နယ်ခန်းမဆောင်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ထွေးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ စာပေ ဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စာနယ်ဇင်းဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြား၍ အတွင်းရေးမှူး ဦးမြင့်စိုး(ဘုန်းသော်-ဝေါ)က မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးကဗျာပြိုင်ပွဲမှ ဆုရသူများကို ဆုများချီးမြှင့်ပြီး ဆရာလယ်တွင်းသားစောချစ်၊ ဆရာချစ်ဦးညို၊ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)တို့က သုတရသစာပေများကို ဟောပြောကြကြောင်း သိရသည်။

(မြို့နယ်စာပေနှင့် စာနယ်ဇင်း)

ဆုံးရှုံးမှု ကြီးမားခဲ့သော ဂျပန်ငလျင် ဆူနာမီရေလှိုင်းနှင့် သိမှတ်ဖွယ်ရာများ

ဗျည်းနွဲ့



မတ် ၁၁ ရက်က ဂျပန်နိုင်ငံ အရှေ့မြောက်ကမ်းရိုးတန်း ကမ်းလွန်ရေပြင်၌ ရစ်ချ်တာစကေး ၈ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော ငလျင်တစ်ခုလှုပ်ခတ်ခဲ့သည်။ ထိုငလျင်ကြီးနှင့် အတူ ဖြစ်ပေါ်လာသော အမြင့် ၁၀မီတာရှိ ဆူနာမီရေလှိုင်းများကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက် ကမ်းရိုးတန်းဒေသတစ်ခွင်၌ ခန့်မှန်း၍ မရလောက်အောင် ဆုံးရှုံးမှုပမာဏကြီးမားခဲ့ပြီး နောက်ဆုံးထွက်ပေါ်လာသော အသေအပျောက် စာရင်းများအရ သေဆုံးသူ ၁၇၀၀ ကျော် ရှိခဲ့ပြီ ဖြစ်သည်။

ထိုမျှ အဖျက်စွမ်းအား ကြီးမားလှသော ဂျပန်ငလျင်နှင့် ဆူနာမီကြောင့် ပစိဖိတ်ကျွန်းနိုင်ငံများ အပါအဝင် အခြားသောဒေသတွင်းနိုင်ငံများ၌ ဆူနာမီသတိပေးချက်များကို ပလူပုံ့အောင် ထုတ်ပြန်ခဲ့ရပြီး အန္တရာယ်ကို ရှောင်ရှားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို အပူတပြင်း လုပ်ဆောင်ခဲ့ရသည်။ ယင်းသို့ လုပ်ဆောင်ရာတွင် တင်ကူးခန့်မှန်းရန် ခက်ခဲလှသော ဆူနာမီလှိုင်းများ မည်သို့ဖြစ်ပေါ်လာပုံ၊ ဆူနာမီ၏ နိမိတ်လက္ခဏာများနှင့် ဆူနာမီဖြစ်ပေါ်ချိန်၌ မည်သို့ တုံ့ပြန်ရမည်ကို သိနားလည်ရန် လိုအပ်လှသည်။

ဆူနာမီဟူသည် သမုဒ္ဒရာရေအောက် မြေငလျင် လှုပ်ခတ်မှုနှင့် မြေပြိုမှုများ သို့မဟုတ် မီးတောင်ပေါက်ကွဲမှုများကြောင့် ဖြစ်ပွားတတ်သော ရေလှိုင်းတွဲကြီးများ ဖြစ်သည်။ ရှားတောင့်ရှားခဲ ဖြစ်စဉ်အနေဖြင့် သမုဒ္ဒရာများအတွင်း ဧရာမဥက္ကာခဲကြီးများ ကြွေကျခြင်းကြောင့်လည်း ဆူနာမီရေလှိုင်းများဖြစ်ပေါ်တတ်သည်။ လွန်ခဲ့သည့် နှစ်ပေါင်း ၃ ဒသမ ၅ ဘီလီယံခန့်က ဂြိုဟ်သိမ်ဝင်ဆောင့်မှုကြောင့် မဟာဆူနာမီလှိုင်းများ ဖြစ်ပေါ်ခဲ့ကာ ကမ္ဘာပေါ်ရှိ အမြင့်ဆုံး တောင်ထိပ်များမှတစ်ပါး ကျန်အရာအားလုံးကို ရေလွှမ်းမိုးခဲ့ဖူးသည့် အထောက်အထားများကို သိပ္ပံပညာရှင်များက လေ့လာတွေ့ရှိခဲ့ဖူးသည်။ ယင်းဖြစ်စဉ်ကြောင့် ကမ္ဘာ့တိုက်ကြီးများ၏ ကမ်းရိုးတန်းများ ဘူမိအနေအထား အကြီးအကျယ် ပြောင်းလဲခဲ့ရသည်။

ဂျပန်နိုင်ငံ ဖူကူရှီးမား စီရင်စု ရှင်ချီမြို့၌ ဆူနာမီလှိုင်းများ ရိုက်ခတ်မှုကြောင့် တလိမ့်ခေါက်ကွေး ဖြစ်နေသော ရထားတွဲများကို မတ် ၁၂ ရက်က တွေ့ရစဉ်။

မြေငလျင်တစ်ခုသည် ရေထုရုတ်တရက် ရွေ့လျားပြောင်းလဲစေနိုင်သည့် ပင်လယ်ကြမ်းပြင် လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်လောက်သော အင်အားရှိခဲ့ပါက ဆူနာမီလှိုင်းများ ဖြစ်ပေါ်လေ့ရှိသည်။ ဆူနာမီဟူသည် ဂျပန်ဝေါဟာရဖြစ်ပြီး ကမ်းလှိုင်းဟု အဓိပ္ပာယ်ပြန်လျှင်ရ ကောင်းသည်။ ဆူ (Tsu) ဟူသည့် ဝေါဟာရသည် ဂျပန်ဘာသာတွင် ဆိပ်ကမ်းဟု အဓိပ္ပာယ်ရပြီး နာမီ (Nami) သည် လှိုင်းဟူ၍ ဖြစ်သည်။

ဘီစီ ၄၂၆ ခုနှစ်တွင် ဂရိသမိုင်းဆရာ သူဆီဒီးဒက်စ်က ဆူနာမီရေလှိုင်းများနှင့် ပတ်သက်၍ ၎င်းရေးသားသော ပယ်လိုပွန်နီးရှားစစ်ပွဲသမိုင်းတွင် ပထမဆုံး ဖော်ပြခဲ့သည်။ ၎င်းသည် သမုဒ္ဒရာရေအောက်ငလျင်များကြောင့် ဆူနာမီရေလှိုင်းများဖြစ်ပေါ်ရကြောင်း ပထမဆုံး ကောက်ချက် ချခဲ့သူလည်း ဖြစ်နိုင်သည်။

အလက်ဇန္ဒြီးယားမြို့တော်ကို အေဒီ ၃၆၅ ခုနှစ်တွင် ဖျက်ဆီးခဲ့သော ဆူနာမီနှင့် ပတ်သက်၍ ရိုမန်သမိုင်းဆရာတစ်ဦးက မြေငလျင်လှုပ်ခတ်ပြီးနောက် ပင်လယ်ရေမျက်နှာပြင် ရုတ်တရက်ကျဆင်းကာ ဧရာမလှိုင်းလုံးကြီးများ ဖြစ်ပေါ်လာပြီး မြို့တော်ကို ရိုက်ခတ်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဆူနာမီဖြစ်စဉ်ဟူသည် လှိုင်းရထားဟုလူသိများသော ရေလှိုင်းတွဲကြီးများ ပေါ်ထွက်သည့် သဘာဝဘေးဥပဒ်ခရီးသည်တင် လေယာဉ်တစ်စင်း၏ အလျင်မျှဖြင့် ဖြတ်သန်းသွားမည်ဖြစ်သည်။ ကမ်းရိုးတန်း ရေတိမ်ပိုင်းသို့နီးလာသည်နှင့်အမျှ အရှိန်တဖြည်းဖြည်းလျော့ကျလာပြီး လှိုင်းခေါင်းသည် လှိုင်းအခြေထက်ပိုမြန်လာကာ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှု ရုတ်ခြည်းဖြစ်ပွားလာမည်ဖြစ်သည်။

သန္တာကျောက်တန်းများ၊ ပင်လယ်အော်များ၊ မြစ်ဝများနှင့် ပင်လယ်ရေအောက် အခြေအနေများကဲ့သို့သော ဘူမိအသွင်အပြင်များက ဆူနာမီရေလှိုင်းများ၏ အင်အားကို လျော့ပါးစေနိုင်ဖွယ်ရှိသည်။ ယင်းအတွက်ကြောင့် အချို့သောဖြစ်စဉ်များ၌ ဆူနာမီရေလှိုင်းများကြောင့် ဖြစ်သည်။ ဆူနာမီလှိုင်းများသည် လှိုင်းအလျားမိုင် ၆၀ မျှ ရှည်လျားတတ်ပြီး လှိုင်းတစ်ခုနှင့်တစ်ခု တစ်နာရီမျှခြား၍ ပေါ်ပေါက်တတ်သည်။ ယင်းအပြင် ဆူနာမီရေလှိုင်းများသည် သမုဒ္ဒရာရေပြင်တစ်ခွင်လုံးကို စွမ်းအင်ဆုံးရှုံးမှုပမာဏ ကြီးကြီးမားမားမရှိဘဲ ဖြတ်သန်းနိုင်စွမ်းရှိကြသည်။ ၂၀၀၄ ခုနှစ်တွင် ဖြစ်ပွားခဲ့သော အိန္ဒိယသမုဒ္ဒရာ ဆူနာမီသည် မိုင်ပေါင်း ၃၀၀၀ မျှ ကွာဝေးသော အာဖရိကတိုက်ကမ်းခြေကို အင်အားပြင်းစွာ ရိုက်ခတ်ခဲ့ဖူးသည်။

ခရစ်နှစ် ၁၇၀၀ တွင် ပစိဖိတ်အနောက်မြောက်ပိုင်း၌ ဖြစ်ပေါ်ခဲ့သော အင်အားရစ်ချ်တာစကေး ၉ အဆင့်ရှိ ငလျင်နှင့်အတူ ပေါ်ပေါက်လာသော ဆူနာမီရေလှိုင်းကြီးများသည် ဂျပန်နိုင်ငံ၏ ပစိဖိတ်ကမ်းခြေကို ရိုက်ခတ်ခဲ့ဖူးကြောင်း သိပ္ပံပညာရှင်တို့က ဆိုသည်။

သမုဒ္ဒရာရေပြင်အလယ်၌ ဖြစ်ပေါ်သော ဆူနာမီရေလှိုင်းများသည် ရေပြင်တစ်ခုလုံးကို တစ်နေ့တာလုံးဖြတ်သန်းကာ တစ်နာရီ မိုင် ၅၀၀ နှုန်းဖြင့် ကုန်းတွင်းဒေသသို့ တိတ်တဆိတ် ချဉ်းကပ်လာနိုင်စွမ်းရှိသည်။ လက်ရှိအချိန်တွင် ဆူနာမီဖြစ်ပွားရာဒေသနှင့် ဖြစ်ပွားသည့်ရေပြင် အနက်တို့ကို အခြေပြု၍ ကုန်းတွင်းပိုင်းသို့ ဆူနာမီရေလှိုင်းများ ဝင်ရောက်နိုင်မည့်အချိန်ကို သိပ္ပံပညာရှင်များက တွက်ချက်နိုင်စွမ်းရှိပြီဖြစ်သည်။

သမုဒ္ဒရာရေပြင်အလယ်၌ စတင်ဖြစ်ပေါ်သော ဆူနာမီရေလှိုင်းများသည် အမြင့်တစ်ပေခန့်သာ ရှိခြင်းကြောင့် ဆူနာမီဖြစ်ပေါ်မှန်း သတိပြုနိုင်မည်မဟုတ်ပေ။ သို့ရာတွင် ဆူနာမီရေလှိုင်းများသည် သမုဒ္ဒရာရေပြင်ကို

ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုသည် လက်မအနည်းငယ် သို့မဟုတ် ပေအနည်းငယ်သာရှိပြီး အချို့ဖြစ်စဉ်များတွင် ဆူနာမီကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုသည် မီတာ ၃၀ မျှ မြင့်မားတတ်သည်။ ဆူနာမီဖြစ်စဉ် အများစု၌ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မှုသည် ၁၀ ပေထက် မပိုတတ်ပေ။

မြေငလျင်လှုပ်ခတ်မှုသည် ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ သဘာဝအချက်ပေးစနစ်တစ်ရပ်ဖြစ်သည်။ မြေငလျင်လှုပ်ခတ်မှုကို ခံစားမိပါက ပင်လယ်ကမ်းစပ်ဒေသအနီးတွင် မနေသင့်ပေ။ မြေငလျင်တော်လည်းသံကြားပါက ဆူနာမီဖြစ်ပေါ်လာနိုင်ကြောင်း စိတ်ထဲမှတ်ယူကာ ရေဒီယို သို့မဟုတ် ရုပ်မြင်သံကြားတို့မှ သဘာဝဘေးအန္တရာယ် သတိပေးချက်များကို နားစွင့်ထားရန် လိုအပ်ပေလိမ့်မည်။

ဆူနာမီရေလှိုင်းများ ကုန်းတွင်းပိုင်းသို့ ချဉ်းကပ်လာသည်နှင့်အမျှ ပင်လယ်ရေမျက်နှာပြင်သည် သိသိသာသာ ကျဆင်းမှု သို့မဟုတ် မြင့်တက်မှုဖြစ်ပွားတတ်ကြောင်း ကိုယ်တွေ့ကြုံဖူးသူတို့က ဆိုကြသည်။ ထို့ကြောင့် ပင်လယ်ရေမျက်နှာပြင် အနိမ့်အမြင့်ပြောင်းလဲမှုသည် ဆူနာမီဖြစ်ပေါ်နေဖွယ်ရှိသည့် လက္ခဏာတစ်ရပ်ဖြစ်ပြီး ယင်းသို့ဖြစ်ပွားပါက ကုန်းမြေမြင့်များသို့ ချက်ချင်းတက်ရောက် ရှောင်ရှားရန် လိုအပ်သည်။

၂၀၀၄ ခုနှစ် အိန္ဒိယသမုဒ္ဒရာ ဆူနာမီကပ်ဘေးတွင် သမုဒ္ဒရာရေမျက်နှာပြင် ရုတ်တရက်ကျဆင်းမှုကို စပ်စုလို၍ ကမ်းခြေသို့ဆင်းခဲ့သူ အများအပြားသေဆုံးခဲ့ရဖူးသည်။ ကျွမ်းကျင်သူပညာရှင်များ၏ လေ့လာချက်အရ ပင်လယ်ရေ မျက်နှာပြင် ရုတ်တရက်ကျဆင်းမှုကို သတိထားမိသူများအနေဖြင့် ဆူနာမီရေလှိုင်းများဒဏ်မှ ရှောင်ရှားရန် ငါးမိနစ်အချိန်ရကြောင်း သိရသည်။

ဆူနာမီသည် ငါးမိနစ်မှ တစ်နာရီအထိ ကာလခြား၍ ဖြစ်ပေါ်တတ်သော ဆင့်ကဲရေလှိုင်းများဖြစ်ခြင်းကြောင့် ပထမဆုံးကြုံတွေ့ရသော ရေလှိုင်းသည် အန္တရာယ်အကြီးဆုံးဖြစ်ချင်မှ ဖြစ်ပေလိမ့်မည်။ ပထမဆုံး ရေလှိုင်းဖြစ်ပေါ်ပြီး နာရီပေါင်းများစွာကြာသည်အထိ ဆူနာမီအန္တရာယ် ကျန်ရှိနေနိုင်သေးသည်။ ထို့ကြောင့် လှိုင်းတစ်လုံးနှင့် တစ်လုံးအကြား ဖြစ်ပေါ်တတ်သည့် သမုဒ္ဒရာရေပြင် အနိမ့်အမြင့်ကို သတိပြု၍ စိတ်ချရသည့်တိုင် ဘေးလွတ်ရာ၌ ပုန်းခိုသင့်သည်။

ဆူနာမီရေလှိုင်းများသည် ပင်လယ်သမုဒ္ဒရာများအတွင်း စီးဝင်သည့် မြစ်ချောင်းများထိတိုင် ဝင်ရောက်နိုင်ခြင်းကြောင့် ဆူနာမီဖြစ်လာပါက ယင်းသို့သော မြစ်ချောင်းများနှင့် ဝေးရာသို့ ရှောင်တိမ်းသင့်သည်။

အဖွဲ့ဝင်နိုင်ငံပေါင်း ၂၆ နိုင်ငံပါဝင်သော ပစိဖိတ်ဆူနာမီ သတိပေးစနစ် (တီဒဗလျူအက်စ်)သည် ပစိဖိတ်ဒေသတွင်းရှိ မြေလွှာလှုပ်ရှားမှုများနှင့် ဒီရေအတက်အကျ အခြေအနေများကို စောင့်ကြည့်လေ့လာလျက်ရှိသည်။ ဆူနာမီ ဖြစ်စေနိုင်သည့် ငလျင်လှုပ်ရှားမှုများကို တီဒဗလျူအက်စ်စနစ်က ထောက်လှမ်းလျက်ရှိပြီး ဆူနာမီ သတိပေးချက်များကို ထုတ်ပြန်ပေးလျက်ရှိသည်။ နိုင်ငံတကာနှင့် သက်ဆိုင်သောအိန္ဒိယသမုဒ္ဒရာ ဆူနာမီ သတိပေးစနစ်ကိုလည်း ၂၀၀၆ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ဖြစ်သည်။ ။

ရုရှားနိုင်ငံ ပြည်ထောင်စုလုံခြုံရေးဌာနအနီး ဗုံးနှစ်လုံးပေါက်ကွဲ

မော်စကို မတ် ၁၂ - ရုရှားနိုင်ငံ မြို့တော်မော်စကိုမြောက်ပိုင်း၌ မတ် ၁၁ ရက်က ဗုံးနှစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ ပြည်ထောင်စုလုံခြုံရေးဌာနကို ပစ်မှတ်ထားကာ ဗုံးခွဲတိုက်ခိုက်ခဲ့သည်ဟု ယူဆရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပြည်ထောင်စုလုံခြုံရေးဌာန၏ အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများနေထိုင်သော အဆောက်အအုံတစ်လုံး၏ ပြင်ပ၌ ဗုံးနှစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ သို့ရာတွင် ထိခိုက်သေဆုံးသူ မရှိကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဗုံးနှစ်လုံးဆင့်ကဲပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဗုံးတစ်လုံးလျှင် တီအင်န်တီယမ်းဘီလူး ဂရမ် ၁၅၀ ခန့်စီပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးတွင် ယမ်းပစ္စည်းနှင့်အတူ သံချောင်းများကို ထည့်သွင်းထားပြီး အဆိုပါ အဆောက်အအုံ၏ အထပ်ခုနစ်ထပ်တွင်ရှိသော မှန်တံခါးများနှင့် ပြတင်းတံခါးများ ပျက်စီးခဲ့ရသည်။

မော်စကိုရှိ ပြည်ထောင်စုလုံခြုံရေးဌာန၏ သင်တန်းကျောင်းအနီး ဘတ်စ်ကားမှတ်တိုင်၌လည်း ဗုဒ္ဓဟူးနေ့က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ဗုံးပေါက်ကွဲမှုများ၌ အသုံးပြုသောဗုံးများမှာ အမျိုးအစားချင်းတူညီနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **အင်တာနက်။**



မြဝတီရောင်စုံခါတ်ပုံပြိုင်ပွဲနှင့် နှစ်ပတ်လည်စာမူဆုရရှိသူများ ကြေညာ

ရန်ကုန် မတ် ၁၂

၂၀၁၀ ခုနှစ် မြဝတီရောင်စုံခါတ်ပုံပြိုင်ပွဲ နှစ်ပတ်လည်ဆုရရှိသူများနှင့် မြဝတီ၊ ငွေတာရီမဂ္ဂဇင်းနှစ်ပတ်လည် အကောင်းဆုံးစာမူဆုရရှိသူများစာရင်းကို သက်ဆိုင်ရာ စိစစ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

မြဝတီရောင်စုံခါတ်ပုံ

၂၀၁၀ ခုနှစ်အတွက် မြဝတီရောင်စုံခါတ်ပုံပြိုင်ပွဲတွင် ဦးတင်မြင့်(စစ်ငြိမ်းပန်း)က ပထမ၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)က ဒုတိယ၊ စိုင်းခမ်းလင်း(Hawk Eyes) က တတိယနှင့် အထူးဆုများအဖြစ် ယမင်းဝင်းလှိုင်နှင့် ဂျေမောင်မောင်(အမရပူရ)တို့က အသီးသီးရရှိကြသည်။

မြဝတီမဂ္ဂဇင်း

၂၀၁၀ ခုနှစ်အတွက် မြဝတီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းမြေဇာကလည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို မောင်ဟေမာ၏ 'အပူနှင့်အအေး' က လည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)၏ 'ဘိုးဘွားတွေက ကိုယ်ပိုင်မြေကို နေဖို့ထားခဲ့တယ်' က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို ဆင်ဖြူကျွန်းအောင်သိန်း၏ 'မြုံထဲကကြက်ပျောက်သွားခြင်း' ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို သောင်းဝေဦး၏ 'အချစ်နှင့် စစ်သား' က လည်းကောင်း အသီးသီးရရှိကြသည်။

ငွေတာရီမဂ္ဂဇင်း

၂၀၁၀ ပြည့်နှစ်အတွက် ငွေတာရီမဂ္ဂဇင်း နှစ်ပတ်လည် အကောင်းဆုံးကာတွန်းဆုကို ကာတွန်းသစ်ထွဏ်းက လည်းကောင်း၊ အကောင်းဆုံးကဗျာဆုကို ကို(တက္ကသိုလ်)၏ 'တို့ရင်ထဲကငွေတာရီ' ကလည်းကောင်း၊ အကောင်းဆုံးဆောင်းပါးဆုကို မကြန်၏ 'မြန်မာတို့၏ စွဲလမ်းယုံကြည်ချက်များ'က လည်းကောင်း၊ အကောင်းဆုံးဝတ္ထုတိုဆုကို လယ်တွင်းသားစောချစ်၏ 'ခုတော့သိပါပြီ'ကလည်းကောင်း၊ အကောင်းဆုံးဝတ္ထုရှည်ဆုကို နိုင်ဇော်၏ 'ရှင်းသန့်မွှေးပျံ့သော' က လည်းကောင်း အသီးသီး ရရှိကြသည်။

ဆုရရှိသူများအနေဖြင့် မြတီစာပေတိုက် ဖုန်း-၅၅၉၂၇၃ နှင့် မြို့တွင်း (ရုံးခွဲ)၃၇၁၂၄၄ တို့သို့ ကြိုတင်ဆက်သွယ်သတင်းပို့ကြရန်ဖြစ်ပြီး ဆုပေးပွဲအခမ်းအနားကျင်းပမည့်နေရာနှင့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ **ခေတ်မီစိုက်ပျိုးမှု**

ကြေးမုံသတင်းအဖွဲ့သည် အောင်မြင်ဖြစ်ထွန်းနေသော ဖရဲစိုက်ခင်းသို့ သိလိုသမျှ သွားရောက်မေးမြန်းကြည့်ရာ "ကျွန်တော့်နာမည် ဦးဇော်ဝမ်းပါ၊ ရှားတောကျေးရွာမှာ နေပါတယ်။ ဘိုးစဉ်ဘောင်ဆက် စိုက်ပျိုးရေးနဲ့ အသက်မွေးဝမ်းကျောင်းပြုလုပ်ခဲ့တာပါ။ ကျွန်တော် ယခုစိုက်ပျိုးထားတဲ့ ဖရဲမျိုးက ဝမ်းဆစ်အိတ်ချ် (168) အမျိုးအစားဖြစ်ပြီး တစ်ဧက စိုက်ပျိုးထားပါတယ်။ ဖရဲမျိုးစေ့တွေကတော့ ကိုကြီးမျိုး၊ (164)၊ (168)၊ (314)၊ (232)၊ (855)၊ (USA)၊ (001)နဲ့ အင်ပါတူးဆိုတဲ့ မျိုးကောင်းစပ်မျိုး ဖရဲတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ ရှားတောရွာကတော့ ဝမ်းဆစ်အိတ်ချ် (168)ကိုပဲ အများဆုံး အသုံးပြုပါတယ်။ ဖရဲမျိုးအားလုံးကတော့ အလုံးကြီးရင့်ရင် အရသာကောင်းပြီး ချိုကြပါတယ်"ဟု ပြောကြားသည်။

ဆက်လက်ပြီး ဈေးကွက် ဈေးနှုန်းများနှင့် ဒေသခံတွေရရှိခဲ့သော အကျိုးအမြတ်များကို မေးမြန်းရာ "ယခုလ ရာသီမှာ ဖရဲအလုံး အရွယ်အစားပေါ်မူတည်ပြီး ဖောက်သည်ဈေး ကျပ် ၉၀၀ ကနေ ကျပ် ၁၀၀၀ ထိ ရောင်းတမ်းဝင်ပါတယ်။ ဖရဲတစ်ဧက စိုက်ပျိုးကုန်ကျစရိတ်မှာ ငါးသိန်း၊ ခြောက်သိန်းခန့်ရှိပြီး ဖရဲသီး တစ်ဧက ရောင်းရငွေကျပ် ၁၄ သိန်းမှ ၁၅ သိန်းခန့် ရရှိတဲ့အတွက် ဖရဲတစ်ဧက စိုက်ပျိုးမှု ဝင်ငွေ ကိုးသိန်းခန့် ရရှိပါတယ်။ နေပြည်တော်၊ မော်လမြိုင်၊ ရန်ကုန်နဲ့ အနီးအနားတွင်ရှိသော ဈေးများကို တင်ပို့ရောင်းချခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနှစ်ကို အားထည့်စိုက်ပျိုးတဲ့ ဖရဲဈေးကွက်တွေကတော့ ယမန်နှစ်တွေကထက် ပိုရခဲ့ပါတယ်" လို့ ပြောကြားသွားသည်။

ဆက်လက်၍ ဖရဲစိုက်ပျိုးပုံ စိုက်ပျိုးနည်းအား မေးမြန်းရာ "ကျွန်တော် ဖရဲတစ်ဧကကို အပင် ၂၀၀၀ ဝင်ဆံ့အောင် စိုက်ပျိုးပြီး တစ်ပင်ကို အောင်မြင်တဲ့ အသီး တစ်လုံးကိုသာထားရှိပြီး ကျန်တဲ့ သီးကင်းတွေကို ခူးပစ်ရပါတယ်။ ပျိုးထောင်ရာမှာလည်း မျိုးစေ့အိတ်ဖောက်ပြီး အစေ့တွေကို ၁၂ နာရီကြာ ရေစိမ်ရပါတယ်။ ပြီးရင် အစေ့များကို ရေမှဆယ်ယူကာ အဝတ်ပွနဲ့ထုပ်ပိုးပြီး စပါးကျီထဲက စပါးထဲမှာ နှစ်ညသိပ်ပြီး အပူပေးရပါတယ်။ နှစ်ညသိပ်ပြီးနောက်မှာ အစေ့မှ အညှောင့်ကလေးတွေ ပြူထွက်လာပါတယ်။ အဲဒီအညှောင့်ဖောက်ထားတဲ့ ဖရဲစေ့တစ်စေ့ချင်းကို မြေဆွေးအသင့်ထည့်ထားတဲ့ ပလတ်စတစ်အိတ်ထဲမှာထည့်ပြီး ပျိုးရပါတယ်။ ပျိုးရက်ခုနစ်ရက်၊ ရှစ်ရက်အတွင်းမှာ အရွက်သုံးလေးရွက်ထွက်လာရင် မြေချ စိုက်ပျိုးရပါတယ်။ မြေချစိုက်ပျိုးတဲ့ နေရာမှာ မြေပြန့်ထားတဲ့ မြေကွက်ပေါ်မှာ တစ်ပေပတ်လည် ကျင်းတူးပြီး နွားချေးနဲ့ ကီမီးရား ဓာတ်မြေဩဇာပေါင်းစပ်ပြီး စိုက်ပျိုးရပါတယ်။

"စိုက်ပျိုးပြီးဖရဲပင်များရဲ့ အခြေအနေကို စဉ်ဆက်မပြတ်ကြည့်ရှုကာ အားဆေး၊ ပိုးသတ်ဆေး၊ မှိုဆေးတွေကို ရောဂါကျရောက်မှုအပေါ်မူတည်ပြီး အသုံးပြုရပါတယ်။ ဖရဲသီးတွေ ကြီးထွားလာတာကို မပြတ်ကြည့်ရှုပြီး အလုံးကြီးထွားမှု ညီညာစေရန်နဲ့ အရောင်အသွေး ညီမျှအောင် လက်နဲ့ ဖရဲသီးကို နေရောင်ဘက် မြေပြင်ပေါ် လှည့်လှည့်ပေးရပါတယ်။ စိုက်ပျိုးပြီး နှစ်လကြာရင် အသီးရင့်ပြီး ရောင်းတမ်းဝင်နိုင်မယ့် အသီးများကို ဆွတ်ခူးရနိုင်ပါပြီ"ဟု စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြခဲ့သည်။

ထို့နောက် သီးနှံများကို ရာသီဥတုအလိုက် ကြိုးစားပမ်းစား စိုက်ပျိုးနေကြမှု၊ အောင်မြင်ဖြစ်ထွန်းမှုနှင့် စိုက်ပျိုးရာမှ အောင်မြင်ဖြစ်ထွန်းလာသော ရာသီသီးနှံများကို အရင်းနှီးပြု၍ တောင်သူများ၏ လူမှုရေး၊ စီးပွားရေး အကျိုးအမြတ်များ သိရှိရပြီဖြစ်၍ အပြန်ခရီးဆက်ခဲ့ရာ ရှားတောကျေးရွာအနီးတွင် ဖရဲများ စိုက်ပျိုးရောင်းချသော ခရမ်းစပ်ကုန်းကျေးရွာနေ မဇာဇာညိုအား သိလိုသမျှ ဆက်လက်မေးမြန်းရာ "ကျွန်မနာမည် မဇာဇာညိုပါ၊ ခရမ်းစပ်ကုန်းကျေးရွာကပါ။ ရှားတောကျေးရွာမှာ မြေတစ်ဧက ဝယ်ယူပြီး ဖရဲစိုက်ပျိုးပါတယ်။ ဒီနှစ်မှာ ဖရဲဈေးကွက် အရမ်းကောင်းမွန်တာကြောင့် ဖရဲမျိုးကောင်းတွေကို မူဆယ်အထိ တင်ပို့ရောင်းချပါတယ်။ မြေတစ်ဧကကို ဖရဲပင်ပေါင်း ၂၀၀၀ ဝန်းကျင်လောက်ရှိပါတယ်။ ဖောက်သည်ကိုယ်တိုင် ဖရဲခင်းကိုလာရောက်ပြီး ဖရဲအလုံး အရွယ်အစားပေါ်မူတည်ပြီး အလုံးကြီး၊ အလုံးသေး ရွေးချယ်ဝယ်ယူပါတယ်။ ဖရဲမျိုးကောင်း အလုံးကြီးကြီး အသီးကောင်းဆိုရင် ကျပ် ၉၀၀၊ ၁၀၀၀ ရောင်းတမ်းဝင်ပြီး အလုံးသေးဆိုရင် တစ်လုံးကို ကျပ် ၅၀၀၊ ၆၀၀ နှုန်းနဲ့ ရောင်းရပါတယ်။ ဒီဖရဲစိုက်ခင်းကုန်ရင် ကြက်သွန်၊ ငရုတ်နဲ့ ပဲတီစိမ်းတို့ကို ထပ်မံစိုက်ပျိုးဖို့ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဖရဲသီးသည် ပူပြင်းသောရာသီ ဖေဖော်ဝါရီလ၊ မတ်လများတွင် လှိုင်လှိုင်ပေါ်ပြီး ဖရဲဈေးကွက် အကောင်းဆုံးအချိန်ဖြစ်သည်။ ကျန်းမာရေးအတွက်လည်း ဖရဲသီးက အထောက်အကူပြုသည့်အပြင် ပူပြင်းခြောက်သွေ့သော ရာသီဥတုတွင်လည်း ရေငတ်ပြေစေရန် စားသုံးကြသည်။

ဖရဲတစ်ဧကစိုက်ပျိုးခြင်းဖြင့် အချိန်တိုတိုအတွင်း ဝင်ငွေများများ ရရှိနိုင်သဖြင့် တောင်သူဦးကြီးများ ရာသီအလိုက် ဖရဲသီးကို စီးပွားဖြစ် စိုက်ပျိုးသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ရှားတောကျေးရွာမှ ဦးဇော်ဝမ်း ဖရဲစိုက်ခင်းအကြောင်း ရှင်းပြစဉ်။

ခရမ်းစပ်ကုန်းကျေးရွာမှ မဇာဇာညို ရှင်းလင်းပြောကြားစဉ်။

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဖရဲစိုက်ခင်းကို တွေ့ရစဉ်။

ဗန်းမော်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၂

ဗန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၆ရက်(စနေနေ့)နံနက် ၈နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများ၊ ဗန်းမော် ခရိုင်သူ၊ ခရိုင်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သက်ကြီးပူဇော်ပွဲအတွက် အသက်(၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွားများ ကိုယ်တိုင် တက်ရောက်အပူဇော်ခံရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းသူ၊ အသင်းသားများ၏ သားသမီးများအမည်စာရင်းကို အမှတ်စာရင်းနှင့်တကွ ဥက္ကဋ္ဌ ဦးစိန်မောင် ဖုန်း-၅၄၃၃၀၄၊ ၀၉-၅၁၀၆၉၀၇၊ အတွင်းရေးမှူး ဦးတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၅၅၂၊ အတွင်းရေးမှူး(၁) ဦးမျိုးတင့် ဖုန်း-၀၉၅၀၀၇၂၇၄၊ အတွင်းရေးမှူး(၂) ဦးခင်မောင်သင်း ဖုန်း-၀၉-၅၁၈၇၅၂၃၊ ၆၆၂၅၂၈၊ စည်းရုံးရေးမှူး ဦးစန်းအောင် ဖုန်း-၀၉-၅၁၄၄၇၇၅၊ ၀၁-၅၄၆၃၃၅၊ ဘဏ္ဍာရေးမှူး ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀၀၄၃၃၉တို့သို့ ဆက်သွယ်ပေးပို့ရန်၊ ဂုဏ်ထူးရကျောင်းသူ၊ ကျောင်းသားများကိုယ်တိုင် ဆု တက်ရောက်ယူရန်နှင့် အလှူငွေလှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(သတင်းစဉ်)

✻ **ကျောဖုံးမှ**

နျူကလီးယား ဓာတ်အားပေးစက်ရုံ ပေါက်ကွဲမှုကို ထိန်းသိမ်းတားဆီးနိုင်ရန် ဂျပန်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

နျူကလီးယားဓာတ်ပေါင်းဖိုကို သံမဏိနံရံတစ်ထပ်၊ ကွန်ကရစ်နံရံတစ်ထပ် ကာရံထားရာ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ကွန်ကရစ်နံရံပြိုကျသွားပြီး သံမဏိနံရံသာ ကျန်ရစ်ခဲ့ကြောင်း ဂျပန်အာဏာပိုင်များက ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဖူကူရှီးမားဒိုင်အိချီနျူကလီးယားစက်ရုံ၏ ၁၂ မိုင်ဝန်းကျင်အတွင်း နေထိုင်သူ ထောင်ပေါင်းများစွာကို ဂျပန်အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

နျူကလီးယား ဓာတ်ပေါင်းဖိုအတွင်း အပူချိန်မြင့်တက်မှုကို မထိန်းနိုင်ခြင်းကြောင့် ဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ယူဆရသည်။

ပေါက်ကွဲမှုဖြစ်ပွားရခြင်း အကြောင်းရင်းကို ကျွမ်းကျင်သူများက လေ့လာသုံးသပ်ဆဲဖြစ်ကြောင်း ဂျပန်အစိုးရအဖွဲ့ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ***အင်တာနက်။***



ဆုချီးမြှင့်

ဒေါပုံမြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြညွန့်၊ ဒုတိယတန်း(က)မှ ပထမဆုရ မောင်ကျော်သူစိုးနိုင်အား ဆုချီးမြှင့်စဉ်။

(ပညာရေး)

သင့်ရင်သွေး၏ အနာဂတ်အိပ်မက်ကို စတင်အကောင်အထည်ဖော်နိုင်ပြီ

ရန်ကုန် မတ် ၁၂

ILBC ကျောင်းမှ နှစ်စဉ် ဖွင့်လှစ်မြဲဖြစ်သော နွေရာသီသင်တန်းများကို ယခုနှစ်တွင်လည်း မတ် ၁၈ ရက်မှ မေ ၂၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားအထူးကျွမ်းကျင် တတ်မြောက်အောင် သင်ကြားပို့ချပေးမည့်အပြင် မြန်မာစာ အရေးအသား၊ ပုံဆွဲ၊ ဆေးရောင်ခြယ်၊ ဂီတနှင့် အားကစားသင်တန်းများလည်း သင်ကြားမည်ဖြစ်သည်။ ဘာသာရပ်ကျွမ်းကျင်ရုံမျှမက စူးစမ်းလေ့လာလိုမှု၊ စိတ်ကူးကြည်လင်ထက်မြက်မှု၊ ဉာဏ်ရည်မြင့်မားမှုတို့ကို အထောက်အကူပြုနိုင်မည့် သင်တန်းများဖြစ်သည်။

သင်တန်းသားအသစ်များကို အကြိုစစ်ဆေးမှုပြုပြီး သင့်လျော်သောအတန်းတွင် သင်ကြားပို့ချပေးမည်ဖြစ်ကာ အသက်(၃)နှစ်မှ (၅)နှစ်အထိ မူလတန်းကြိုကလေးများအတွက်လည်း ILBC (Pre-School) တွင် မတ် ၁ ရက်မှ မေ ၃၁ ရက်အထိ သင်တန်းများ ဖွင့်လှစ်ထားမည်ဖြစ်သည်။

သင်တန်းချိန်မှာ နံနက် ၈ နာရီမှ ၁၁ နာရီအထိနှင့် မွန်းတည့် ၁၂နာရီမှ ညနေ ၃ နာရီအထိ ဖြစ်သည်။ သင်တန်းများကို ILBC ကျောင်းများတည်ရှိရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ တောင်ငူ၊ လားရှိုးနှင့် မြိတ်မြို့တို့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက ILBC ကျောင်းတည်ရှိရာ အမှတ်(၃၄) လေးထောင့်ကန်လမ်း တာမွေမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၂၉၈၂၊ ၅၄၅၇၂၀၊ ဖက်စ်ဖုန်း ၀၁-၅၄၁၀၄၀ နှင့် E-mail: info@ilbc.net.mm သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ခြင်ဆေးခွေသုံးလျှင်
သတိယှဉ်
အောက်တွင်ခံခွက်
မမေ့နှင့်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးပညာပေးရေးစီမံကိန်း၏ နောက်ဆုံးအကြိမ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးရေးစီမံကိန်း နောက်ဆုံးအကြိမ် စာတမ်းဖတ်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) နည်းပညာပူးပေါင်း ဆောင်ရွက်ရေးအစီအစဉ်ဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးပညာပေးရေးစီမံကိန်း (Agriculture Extension Human Resource Development Project)၏ နောက်ဆုံးအကြိမ် စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ တာဝန်ရှိသူများ၊ စီမံကိန်းတွင် ပါဝင်သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မန်နေဂျာများ၊ မြို့နယ် မန်နေဂျာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် Mr. MIYAMOTO Hideo က နှုတ်ခွန်းဆက်စကားပြောကြားကာ ဖွင့်ပွဲအခမ်းအနားကိုရုပ်သိမ်းသည်။

ထို့နောက် ဒုတိယဝန်ကြီးက လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စိုက်ပျိုးပညာပေးရေးစီမံကိန်းမှ ပညာရှင်များကိုယ်စား စီမံကိန်းအကြံပေးအရာရှိချုပ် Mr.KATO Kuraji အား အမှတ်တရ ဂုဏ်ပြုသစ်သီးခြင်း ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်သည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပရာ စီမံကိန်းပူးတွဲအကောင်အထည်ဖော်မှုကော်မတီဥက္ကဋ္ဌ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းအေးက အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)မှ စီမံကိန်းအကြံပေးအရာရှိချုပ် Mr. KATO Kuraji၊ JICA AEHRD Project, Project Coordinator, Mr. USUI Testuro၊ စီမံကိန်းမန်နေဂျာ ဦးသင်းအောင်၊ တောင်ကြီးမြို့နယ်မှ စံပြစိုက်ပျိုးပညာပေးရေးဝန်ထမ်း ဒေါ်ခင်စန်းဦး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ စံပြစိုက်ပျိုးပညာပေးရေးဝန်ထမ်း ဒေါ်သိန်းဝင်းနှင့် စလင်းမြို့နယ်မှ စံပြစိုက်ပျိုးပညာပေးရေးဝန်ထမ်း ဦးမြင့်လင်းတို့က လည်းကောင်း စာတမ်းများကို ဖတ်ကြားတင်ပြကြပြီး တက်ရောက်ကြသူများက သိလိုသည်များကို မေးမြန်းရာ စာတမ်းရှင်များက ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)မှ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ်က အောင်လက်မှတ်များနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။ ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပညာပေးရေးဌာနခွဲ အထွေထွေမန်နေဂျာ ဦးလှကြိုင်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၃-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၄။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၃၈)**
- ၁၁း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒရမ်အခန်းလေး**
- ၁၂း၃၀ ၈။ ကျန်းမာသုတ
- ၂း၀၀ ၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၄၉)**
- ၂း၅၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၂း၅၅ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၅ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၅ ၇။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၀ ၈။ မြန်မာ့ရှုခင်း
- ၄း၅၀ ၉။ ကြိုတင်တားဆီးရန်သူမီး
- ၅း၁၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ -မေ့တတ်သောမောင်ထုံ (လုလု၊ ဆီဇာညီညီ၊ ခိုင်ပွင့်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-မေတင်(MMG)]
- ၆း၅၀ ၁၅။ ဂင်းနစ် ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြည်စင်ညီအစ်မများ (အပိုင်း-၆၅)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ပဟေဠိနန်းတော်
- ၂၂။ ကျန်းမာသုတ
- ၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၈)**
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၃၆)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသော (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယမြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပ ရတနာကုန်သည်များနှင့် စိတ်ဝင်တစားလာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

မြန်မာ့ ကျောက်မျက်ရတနာပြပွဲ တတိယမြောက်နေ့ နံနက် ၈ နာရီခွဲတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဦးဆောင်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ် တည်ဆောက်ဖွင့်လှစ်ထားရှိမှု၊ မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းရောင်းချနေမှု၊ မြန်မာ့ကျောက်မျက် ရတနာပြပွဲများ၊ ခင်းကျင်းရောင်းချမှု မှတ်တမ်းတင် ဗီဒီယိုနှင့် မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ဖွင့်လှစ်မှု မှတ်တမ်းတင် ဗီဒီယိုတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကြည့်ရှုလေ့လာကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထိုမှတစ်ဆင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများကို တင်ဒါစနစ်ဖြင့် ရောင်းချနေမှု၊ ရတနာပစ္စည်းအရောင်းဆိုင်များနှင့် ကျောက်မျက်ရတနာပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များသည် ကျောက်မျက်အတွဲများ၊ ကျောက်စိမ်းအတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး တင်ဒါစနစ် ဈေးပြိုင်စနစ်တို့ဖြင့်ရောင်းချမည့် ကျောက်မျက်၊ ကျောက်စိမ်းအတွဲများနှင့် ပုလဲအတွဲများအတွက် ဈေးနှုန်း အဆိုပြုလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူးနှင့် ပြပွဲဗဟို ကော်မတီဝင်များကလိုက်လံ၍ လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

အလားတူ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ပြည်တွင်းပုလဲကုမ္ပဏီများ၏ ပုလဲအတွဲများကို နံနက် ၉ နာရီမှ ၁၁ နာရီအထိ တင်ဒါစနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲပေါင်း ၇၅ တွဲနှင့် မွန်းလွဲပိုင်းတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချရာ ပုလဲအတွဲပေါင်း ၃၀ ရောင်းချခဲ့ရပြီး တန်ဖိုးငွေအများဆုံး ဝယ်ယူသည့် ဂျပန်နိုင်ငံမှ ပုလဲကုန်သည် Mr.Javen Praful Shantichand အား ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေက ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ပုလဲအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၀ ရက်မှ ၁၂ ရက်အထိ ရောင်းချခဲ့ရာ စုစုပေါင်း ပုလဲအတွဲ ၂၅၃ တွဲ ရောင်းချခဲ့ရကြောင်းနှင့် ကျောက်မျက်အတွဲများကို တင်ဒါစနစ် ဈေးပြိုင်စနစ်တို့ဖြင့် မတ် ၁၃ ရက်တွင် ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

နေပြည်တော်၌ ဒုတိယအကြိမ် ကျင်းပသည့် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ မတ် ၂၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ပုလဲအတွဲများ ရောင်းချနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အထက(၂) လမ်းမတော် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် မတ် ၁၂

အထက(၂)လမ်းမတော် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၂) ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွှန့် ဖုန်း-၀၉-၈၅၁၆၁၉၉၊ ၂၂၈၁၀၄၊ ဒုတိယဥက္ကဋ္ဌ ဦးကံကောင်း ဖုန်း-၀၉-၉၉၂၃၅၂၈၊ အတွင်းရေးမှူး ဦးစိန်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၀၉-၅၁၃၉၀၈၉ နှင့် ဘဏ္ဍာရေးမှူး ဦးကြင်စိန် ဖုန်း-၀၉-၈၆၁၀၈၉၈၊ ၀၉-၈၀၃၀၂၆၁ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်မျက်အတွဲများနှင့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အိန္ဒိယသမ္မတနိုင်ငံ NIPHA EXPORTS (P) LIMITED Director Mr. RAKESH SHAH လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဌေးဦးအား အိန္ဒိယသမ္မတနိုင်ငံမှ ဧည့်သည် လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အိန္ဒိယသမ္မတနိုင်ငံ NIPHA EXPORTS (P) LIMITED Director Mr. RAKESH SHAH သည် မတ် ၉ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဆောင်ရွက်လျက်ရှိသော ဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်ငူ-မော်ချီး-လွိုင်ကော် လမ်းပေါ်ရှိ တံတားအစင်း (၂၆၀)မြောက် ထူးချောင်းတံတား ဖွင့်လှစ်

နေပြည်တော် မတ် ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ကယားပြည်နယ်) က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သော ဘောလခဲခရိုင် ဖားဆောင်းမြို့နယ် တောင်ငူ - မော်ချီး - လွိုင်ကော် လမ်းပေါ်ရှိ ထူးချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းတွင် တံတားတည်ရှိရာ မိုင်တိုင်အမှတ် (၁၂၇/၀)၌ ကျင်းပရာ ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးချိုနှင့် တာဝန်ရှိသူများ၊ ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ ဘောလခဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကိုထွေး၊ ဖားဆောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထက်အောင်ဖြိုးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးချို၊ ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ကယားပြည်နယ်) ခေတ္တအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့ ထူးချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (ဆောက်လုပ်ရေး)

အခမ်းအနားတွင် ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးချို၊ ဘောလခဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ကယားပြည်နယ်)ခေတ္တ အင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်းတို့က တံတားကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဘောလခဲတပ်နယ်မှ ဗိုလ်မှူးကြီးအေးချိုက ထူးချောင်းတံတား ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ တံတားကြီးပေါ်မှ ဖြတ်သန်း ကြည့်ရှုသည်။

ထူးချောင်းတံတား အမျိုးအစားမှာ အပေါ်ထည် (R.P.T) သံပေါင်နှင့် သံကူကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ်၊ သံကူကွန်ကရစ် ရေတွင်းခွေအုတ်မြစ်တို့ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ၂၂၈ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီရှိပြီး ခွင့်ပြုယာဉ်အလေးချိန်မှာ ၃၆ တန် ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ထူးချောင်းတံတားသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့် အထက် တံတားအစင်း ၂၆၀ မြောက်ဖြစ်ပြီး တံတားဖွင့်လှစ်ပေးလိုက်သည့်အတွက် ကယားပြည်နယ် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့ အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောမည်

ရန်ကုန် မတ် ၁၂

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်၊ မြန်မာနိုင်ငံကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးရဲရင့်ဝင်းက "ICT for Accountants" ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်ကုန်မြို့ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ပြီး လက်မှတ်ရပြည်သူ့စာရင်းကိုင်များသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ပြီး ဟောပြောပွဲတက်ရောက်ရန်အတွက် မတ် ၂၃ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းရုံးခန်း (အမှတ်၁/၁၉၊ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံးသင်တန်းကျောင်း ပထမထပ်) သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်သည်။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား၊ သင်တန်းသူများ အနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းပေးသွင်းနိုင်ရန်နှင့် နယ်မှလာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံးခန်း ဖုန်း- ၂၁၄၆၅၃ သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကာ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

ဖေဖော်ဝါရီ ၁၉ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ အမက (၂၃)တွင် ၂၀၀၉-၂၀၁၀၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မြို့နယ် မြန်မာစာ ပထမ၊ လူမှုရေး ဒုတိယ၊ ကျောင်းတွင်းမြန်မာစာ ပထမ၊ လူမှုရေး ပထမရရှိသော မနန်းသစ္စာဦးအား ကျောင်းအုပ်ဆရာကြီး ဦးမြတ်ကို ဆုချီးမြှင့်စဉ်။ (ပညာရေး)

မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်တားဆီးရေး သတိပေးနှိုးဆော်ချက်

ရာသီဥတုပူပြင်း၍ အပူချိန်မြင့်မားသောကာလများတွင် ငါးမွေးမြူရေးကန်များ၌ ကန်ရေများ ခန်းခြောက်ကာ ရေနည်းပါးလာပြီး ရေအရည်အသွေးကျဆင်းကာ ငါးများအစုအပြုံလိုက် သေဆုံးခြင်းများ ဖြစ်ပွားတတ်သည်။

ငါးသေဆုံးမှုဖြစ်ပွားပါက ကန်ပိုင်ရှင်များသာမက ပြည်တွင်းစားသုံးမှု၊ ပြည်ပတင်ပို့မှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်သည်။

သို့ဖြစ်၍ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် ငါးမွေးမြူသူများအနေဖြင့် မွေးမြူရေးကန်များရှိ ငါးများသေဆုံးမှု ကာကွယ်တားဆီးရေးဆိုင်ရာ သတိပေးနှိုးဆော်ချက်ကို ထုတ်ပြန်ကြေညာလိုက်သည်-

ကာကွယ်တားဆီးရေး

အောက်ဖော်ပြပါအချက်များကို ငါးမွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေး နှိုးဆော်အပ်ပါသည်-

(က) နံနက်ပိုင်းမိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများ ခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးဖြစ်ပါက ကန်အတွင်းသို့ ရေသွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများဖြင့် ရေတွင်ပျော်ဝင်အောက်ဆီဂျင် (DO) မြင့်တက်စေရေးဆောင်ရွက်ပေးရန်။

(ခ) ငါးမွေးမြူရေးကန်များ အပူချိန်ကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးရန်။

(ဂ) ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချ မွေးမြူရန်။

(ဃ) အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။

(င) ငါးမွေးမြူရေးကန် ရေအပူချိန်လျော့ပါးစေရန်နှင့် ငါးများခိုနားရန်အတွက် ကန်အတွင်း ဗေဒါပင်များကို ဘောင်ခတ်၍ အရိပ်ပြုလုပ်ပေးရန်။

(စ) ကန်ရေအရောင်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း(၂၅-၄၀)စင်တီမီတာအတွင်း ရှိနေစေရန်။ (မိမိလက်ကိုတံတောင်ဆစ်အထိရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေ ရှိရပါမည်)

(ဆ) ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါစေ့ဖတ်များ ကျွေးခြင်းကိုရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ကျွေးရန်။

(ဇ) အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးရန်။

(ဈ) မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိရန်။

(ည) ကန်အခြေအနေနှင့် ကန်ရေအရည်အသွေး ပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးရန်။

(ဋ) ငါးမွေးမြူရေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

ငါးလုပ်ငန်းဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန



ယာဉ်မတော်တဆမှု ပပျောက်ရေးသင်တန်းဖွင့်

ရန်ကုန် မတ် ၁၂

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်အနောက်ပိုင်းခရိုင်) စီမံမှုအောက်ရှိ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ ယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန် ရည်ရွယ်၍ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲကို မတ် ၉ ရက်က အနောက်ပိုင်းခရိုင် မထသရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မထသ (အနောက်ပိုင်းခရိုင်) ဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးတင်ဝင်း(ငြိမ်း)က အဖွင့်မှာစကားပြောကြားပြီး မထသ(အနောက်ပိုင်းခရိုင်)လုပ်ငန်းကော်မတီဝင်များ၊ သင်တန်းသား ယာဉ်မောင်း၊ ယာဉ်နောက်လိုက် ၁၀၀ တို့တက်ရောက်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

မြန်ပြည်တစ်ခွင်
သာစေချင်
မီးတွင်မပေါ့နှင့်

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင်များထံမှ အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

◆အပူပိုင်းဒေသမှ

ဦးတင့်ဆန်း (အေစီအီးကုမ္ပဏီလီမိတက်) က ငွေကျပ်သိန်း ၅၀၊ Europe & Asia Commercial Co.,Ltd. က ငွေကျပ်သိန်း ၅၅၀၊ ဦးချစ်ထွန်းက ငွေကျပ် ၃၃ ဒသမ ၄၆သိန်း၊ Original Group Co.,Ltd.က ငွေကျပ် သိန်း ၃၀တို့ကို လှူဒါန်းကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မက်စ်မြန်မာကုမ္ပဏီအုပ်စု၊ ဦးဝင်းနိုင်-ဒေါ်သန်းသန်းဆွေ (WEG ကုမ္ပဏီ)၊ ဦးညိုမြင်းမိသားစု၊ မန်နေဂျင်းဒါရိုက်တာ၊ မင်းဇာနည်ကုမ္ပဏီလီမိတက်၊ ဦးမြင့်ခိုင်-ဒေါက်တာနုနုဝင်း မိသားစု၊ Great International Fisheries Ltd.၊ အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီတို့က ငွေကျပ်သိန်း ၃၀ စီ၊ တီဇက်တီအမ်ကုမ္ပဏီနှင့် မိုးကြယ်စင်ကုမ္ပဏီတို့က ငွေကျပ် ၂၅ သိန်းစီတို့ကို လှူဒါန်းကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် Htoo Trading Co.,Ltd.၊ ဦးမျိုးအောင်-ဒေါ်မျိုးမျိုးမင်း၊ ယုပန်းမြိုင် မြေယာရှုခင်းကုမ္ပဏီ၊ အင်းစိန်ဈေးသူဈေးသားများနှင့် ဓမ္မမိတ်ဆွေများပါဝင်သော မေတ္တာနဒီအဖွဲ့၊ မိခင်ကြီး ဒေါ်ဝင်းကြည်အားရည်စူး၍ ဦးဝင်းတင်-ဒေါ်အေးငြိမ်း၊ သမီး မဇွန်သစ်ဝင်းတို့က ငွေကျပ် ၂၅ သိန်းစီ၊ ဦးစိုင်းတစ်အောင်၊ နောင်တုံကုမ္ပဏီ၊ Moon Ray ကုမ္ပဏီ၊ ဦးသိန်းအောင်၊ သိဏ်းကုမ္ပဏီတို့က ငွေကျပ်သိန်း၂၀စီတို့ကို လှူဒါန်းကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရွှေတောင်ကုမ္ပဏီ၊ဦးမိုးမြင့်ကျော်နှင့်ဇနီး မိသားစု၊ မန်နေဂျင်းဒါရိုက်တာ၊ Myanmar Makro Co.,Ltd.၊တနင်္သာရီတိုင်း ရေလုပ်ငန်းရှင်များအဖွဲ့က ငွေကျပ်သိန်း ၂၀ စီ၊ Myanmar Land & Development Co.,Ltd.၊ ဦးချစ်ခိုင်၊ ဧဒင်အုပ်စုကုမ္ပဏီ၊ တက်လမ်းကုမ္ပဏီတို့က ငွေကျပ် ၁၅ သိန်းစီ၊ ဒိုင်းမွန်းမာကျူရီ ကုမ္ပဏီ၊ (ဦးထွန်းစိန်)-ဒေါ်စန်းမြိုင်မိသားစု၊ ကွယ်လွန်သူ ဦးတင်အေးအားရည်စူး၍ မိခင် ဒေါ်တင်ရွှေနှင့် သားသမီးများ၊ ဒေါ်သန်းနွဲ့၊ ဒုတိယဗိုလ်မှူးကြီးအောင်မြင့်သွင်(ငြိမ်း)-ဒေါ်တင်တင်ဌေး၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဇော် (ငြိမ်း)၊ ဒေါက်တာယုယုကြည်၊ မယဉ်မျိုးအေးသန်းမိသားစုတို့က ငွေကျပ် ၁၀ သိန်းစီတို့ကို လှူဒါန်းကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဦးစိုင်းလုံးကျောက်-ဒေါ်နန်းကောင်ခမ်းဖူး၊ ထာဝရရှမ်းစားသောက်ဆိုင်၊ တရားရေးအရာရှိများလုပ်ငန်းဝင်သင်တန်းအမှတ်စဉ် (၄) သင်တန်းဆင်းများ၏ ငွေရတုအထိမ်းအမှတ်၊ ကွယ်လွန်သူ ဦးဆော်လမွန်၊ ဦးလေးမြင့်-ဒေါ်ညိုလေးတို့အားရည်စူး၍ ကျန်ရစ်သူမိသားစု၊ ပုသိမ်မြို့၊ ဦးသိန်းရွှေ (သိန်းမြန်မာမွေ့ရာဆိုင်နှင့် ဟိုတယ်မိုတယ်ခန်းဆီးဒီဇိုင်းစုံချုပ်လုပ်ငန်း)၊ ကွယ်လွန်သူ ဖခင်ကြီး ကပ္ပတိန် ဦးတင်အေးအားရည်စူး၍ ဇနီး ဒေါ်ရင်ရင်အုန်းနှင့် သားသမီးမြေးများတို့က ငွေကျပ် ၁၀ သိန်းစီ၊ မောင်သစ်ထွန်းလင်းအား ရည်စူး၍ ဦးဉာဏ်လင်း-ဒေါ်စိန်ငွေမိသားစုက ငွေကျပ်ခြောက်သိန်း၊ ဦးဌေးအောင်၊ MD, Orchid Hotel နှင့် ဟိုတယ်ဝန်ထမ်းများက ငွေကျပ်ငါးသိန်းတို့ကို လှူဒါန်းကြရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဦးလှမြင့်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဦးဘဇံ-ဒေါ်တီတီ၊ သားကြီး ကိုအောင်ကျော်ဇံ၊ သားငယ် ကိုမောင်မောင်ဇံ၊ သမီး မစုမွန်ဇံ၊ မိဘများအား အမှူးထား၍ ဗိုလ်မှူးထွန်းအောင် (လေ) (ငြိမ်း)-ဒေါ်ကြည်ကြည်ယဉ် မိသားစု၊ ကြီးကြီး ဒေါ်ကြည်လှိုင်၊ ဖခင်ဦးလှညွှန့်၊ မိခင် ဒေါ်ခင်မြိုင်တို့အားရည်စူး၍ သမီး ဒေါ်ခင်စန်းနွယ်နှင့် ညီမတစ်စု၊ ခရမ်းပြာမြေယာရှုခင်းကုမ္ပဏီ၊ သော်တာဝင်းကုမ္ပဏီ၊ မိဘနှစ်ပါးအားရည်စူး၍ သမီး ဒေါ်အေးသန်း (ကျိုက်လတ်မြို့)၊ မိခင်ကြီးဒေါ်လှကျွေ၊ သမီးဒေါ်ခင်ညို၊ သားဦးကိုကိုနိုင်(ညွှန်ကြားရေးမှူး၊ စည်ပင်သာယာရေးဦးစီးဌာန)၊ သမီး ဒေါက်တာခင်ဆွေဦး၊ သားသမီးမြေးများ မိသားစု၊ နေပြည်တော် သစ်သယ်ယူအဖွဲ့၊ ရွှေသပြေကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီတို့ကို လှူဒါန်းကြရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဒေါက်တာဇော်ထွန်း၊ Universal ဆောက်လုပ်ရေးကုမ္ပဏီ၊ ဦးနော်အောင်၊ အောင်ချမ်းသာ Construction & Services Co., Ltd.၊ မန်းပြည်တံခွန်ကုမ္ပဏီ၊ ဦးလရောင် (ညွှန်ကြားရေးမှူး)-ဒေါ်သန်းသန်းရီ၊ သားဗိုလ်ကြီးအာကာလရောင်၊ သား ဗိုလ်လောင်းဇာနည်လရောင် မိသားစု၊ ဦးထွန်းထွန်းသိန်း၊ ဇမ္ဗူထွန်းမြေယာရှုခင်း ကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီ၊ မိဘများအား အမှူးထား၍ ဦးဝင်းမြင့်-ဒေါ်နှင်းစန္ဒာထွန်း၊ သမီး သျှင်သံစဉ်စံ၊ ထိုက်သူပန်မြေယာရှုခင်းအဖွဲ့၊ ပန်းသခင် မြေယာရှုခင်းအဖွဲ့တို့က ငွေကျပ်သုံးသိန်းစီ လှူဒါန်းကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယနေ့ ကျင်းပသည့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး (၁၉)ကြိမ်မြောက် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၈၂ ဦးတို့က အလှူငွေစုစုပေါင်း ငွေကျပ် ၂၆၆၂ ဒသမ ၄၉ သိန်းတို့ကို ပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

ယင်းနောက် အလှူရှင်များကိုယ်စား Original Group Co., Ltd. မှ ဦးသာဌေးက ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာ၌ စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကလုပ်ငန်းတာဝန်များအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်မှ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး တာဝန်ကို ပေးအပ်ထားပြီး (၁၀)နှစ် စီမံကိန်းကို ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်ထောက်ပံ့ငွေ၊ စည်ပင်သာယာရေးအဖွဲ့များ၏ ရန်ပုံငွေအပြင် စေတနာရှင် ပြည်သူများက လှူဒါန်းငွေ၊ လူမှုရေးအသင်းအဖွဲ့များနှင့် နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အပူပိုင်းဒေသတွင် ရေရရှိရေး ဆောင်ရွက်နေသကဲ့သို့ အခြားရေခက်ခဲသော တိုင်းဒေသကြီး/ပြည်နယ်များနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ကမ်းရိုးတန်း ရေငန်ဒေသများပါမကျန် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပထမဦးစားပေးအဖြစ် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းစီ ဆောင်ရွက်ပေးနိုင်ပြီးဖြစ်ကြောင်း၊ လူမှုဖူလုံရေးအတွက် စက်ရေတွင်းများကို တစ်တွင်းမှနှစ်တွင်း၊ သုံးတွင်းအထိ ဆက်လက်တူးဖော်ပေးလျက်ရှိကြောင်း၊ စေတနာရှင် အလှူရှင်များ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိကြောင်းဖြင့် ပြောကြားသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များသည် ခင်းကျင်းပြသထားသည့် ကျေးလက်ဒေသ သန့်ရှင်းသောသောက်သုံးရေရရှိရေး ဓာတ်ပုံမှတ်တမ်းများကို ကြည့်ရှုအားပေးကြသည်။

ယခုအခါ အပူပိုင်းဒေသ တိုင်းဒေသကြီးသုံးတိုင်းမှ ကျေးရွာ ၈၀၄၂ ရွာနှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျေးရွာ ၁၅၁၈၃ ရွာတို့ကို သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ရာ ကျေးရွာပေါင်း ၂၃၂၂၅ ရွာတို့ကို ရာခိုင်နှုန်းပြည့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ကျေးလက်ရေပေးရေးလုပ်ငန်းများအတွက် အဖွဲ့ရန်ပုံငွေမှ ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်အထိ စုစုပေါင်းငွေကျပ် ၁၀၄၈၅ ဒသမ ၂၀ သန်း သုံးစွဲခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၂၅၃၂ ဒသမ ၀၈ သန်း လျာထားသုံးစွဲလျက်ရှိကြောင်း၊ ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ အပူပိုင်းဒေသ တိုင်းဒေသကြီးသုံးတိုင်းဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ၃၄ မြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင် ၂၅ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ၂၃ မြို့နယ် စုစုပေါင်းမြို့နယ် ၈၂ မြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျေးရွာများအားလုံး သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆောင်ရွက်နိုင်ခဲ့သကဲ့သို့ ခရိုင် ၁၉ ခရိုင်ကို ခရိုင်လုံးကျွတ်ကျေးရွာတစ်ရွာလျှင် စက်ရေတွင်းတစ်တွင်းနှုန်းဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ သန့်ရှင်းသောသောက်သုံးရေဖူလုံစေရန် ကျေးရွာတစ်ရွာလျှင် စက်ရေတွင်း တစ်တွင်းမှနှစ်တွင်း၊ နှစ်တွင်းမှသည် သုံးတွင်းရရှိအောင် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်သို့ အနုပညာပွဲတော်ကျင်းပ၍ ရရှိခဲ့သော ရန်ပုံငွေကျပ်သိန်း ၁၆၀ ပေးအပ်လှူဒါန်းပွဲကို ရန်ကုန်မြို့ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၁၀ ရက်က ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ် သူရဘိုနီနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်တို့ထံ ရန်ပုံငွေရှာဖွေရေးကော်မတီဝင် ဦးသန်းဇော်(ရွှေနဂါးမင်းကုမ္ပဏီ)က ပေးအပ်လှူဒါန်းစဉ်။

(လက်ဝှေ့အဖွဲ့ချုပ်)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၇) အမှတ်(၁၁) ထွက်ရှိ

ရန်ကုန် မတ် ၁၂

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၇) အမှတ်(၁၁)၌ "မြန်မာ့ပထမဆုံး မီဒီယာကော်နာလာပြီ၊ မြန်မာစာမှ မျက်မမြင်စာပြောင်းလဲပေးမည့် ဆော့ဖ်ဝဲတီထွင်နိုင်ပြီ၊ ဝက်နားရွက်ပြာရောဂါသတိထား၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးမှုအတွက် ဗြိတိန်က မြန်မာကို အမေရိကန်ဒေါ်လာသန်း ၃၀၀ ထောက်ပံ့သွားမည်၊ နေအိမ်နှင့် ရုံးခန်းအဖြစ် အသုံးပြုနိုင်သော တရုတ်မှ စတီးသတ္တုကွန်တိန်နာများ မြန်မာနိုင်ငံသို့ ပထမဆုံးတင်သွင်းလာ၊ အမေရိကန်ဗီဇာ အွန်လိုင်းမှ လျှောက်ရမည်၊ မသန်စွမ်းသူများ အလုပ်အကိုင်ရရှိရေးအတွက် ပီစီအိုဖုန်းများ ချပေး၊ မြန်မာနိုင်ငံတွင် အိုင်စီတီ ဖွံ့ဖြိုးတိုးတက်စေရန်ကုလသမဂ္ဂကသင်တန်းများ ပို့ချပေးမည်၊ မြန်မာနိုင်ငံတွင် တရုတ်ကုမ္ပဏီများ အကြီးစားစီးပွားရေးရင်းနှီးမြှုပ်နှံရန် စီစဉ်၊ အထူးစီးပွားရေးဇုန်အတွက် လိုအပ်သော ငွေကြေးကိစ္စများ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကူညီဆောင်ရွက်ပေးမည်၊ ပြောင်းလဲလိုက်သည့် ပြည်ဝင်ခွင့်ဗီဇာကြောင့် မြန်မာလုပ်သားများမလေးသို့သွားရောက်မှု သိသာစွာကျဆင်း၊ ငါးတစ်ကောင်ကို ပေးလိုက်ခြင်းထက် ငါးဖမ်းနည်းကို သင်ပေးခြင်းက ပိုအကျိုးကျေးဇူးရှိတယ်၊ သမိုင်းထဲက အိမ်တော်ရာ၊ တရား၏ စောင့်ရှောက်မှုကို ခံယူတတ်ပါစေ၊အမြန်လမ်း၊လွှတ်တော်မှတ်တမ်းနေ့ရက်များ၊ ကတိသစ္စာ စသည့် ဖတ်စရာ၊ မှတ်စရာ သတင်းဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီ ဖြစ်သည်။

"ကမ္ဘာကြီးမှာ ပိုမိုကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့ လိုအပ်ပါတယ်" ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ဂေါ်ဒွန်ဘရောင်းနှင့် The Straits Times မဂ္ဂဇင်းတို့တွေ့ဆုံခြင်း၊ " ပိုမိုရက်စက်ကြမ်းကြုတ်လာသော ဆိုမာလီ ပင်လယ်ဓားပြနှင့် အမေရိကန်တို့၏ တုံ့ပြန်မှုအလားအလာ" နိုင်ငံတကာသတင်းဆောင်းပါးနှင့် အတူ ဂျပန်တွင် ၈ ဒသမ ၉ ပြင်းအားရှိ မြေငလျင်ကြီးကြောင့် ဆူနာမီလှိုင်းကြီးများ တက်လာ၊ Forbes မဂ္ဂဇင်းက ကမ္ဘာ့အချမ်းသာဆုံးစာရင်း ထုတ်ပြန်၊ မြန်မာ-တရုတ်နယ်စပ်အနီး မြေငလျင်လှုပ်၊ ပါကစ္စတန်ဝန်ကြီးတစ်ဦး အစွန်းရောက်တို့၏ လုပ်ကြံသတ်ဖြတ်ခြင်းခံရ၊ အိန္ဒိယနှင့်အာဆီယံတို့ နှစ်ဦးနှစ်ဖက်ကုန်သွယ်ရေးတိုးမြှင့်ရန် စိတ်အားထက်သန်၊ ခန္ဓာကိုယ်အဆီ တိုင်းထွာမှုနည်းလမ်း ကြံဆ၊ ငါးလေးတွေဘာကြောင့်သေ၊ လေဖြတ်ဝေဒနာသည် စိတ်ရောဂါနှင့် ဆက်နွယ်လျက်ရှိ၊ ပေကျင်းအစိုးရက ကာကွယ်ရေးအသုံးစရိတ် ၁၂ ဒသမ ၇ ရာခိုင်နှုန်း တိုးမြှင့်သုံးစွဲ၊ တက္ကသိုလ်စာမေးပွဲ လိမ်လည်လှည့်ဖျား၍ ဖြေဆိုသော ဂျပန်ကျောင်းသား ဖမ်းဆီးခံရ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

(၆၆)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ✰ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်း တည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး အတွက် တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲပူးပေါင်း ဆောင်ရွက်ရေး။
- ✰ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ✰ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမား များအား တိုင်းရင်းသားပြည်သူတို့နှင့် အတူ လက်တွဲချေမှုန်း ရေး။
- ✰ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်တည်ဆောက်ရေး။

ဝန်ကြီး ဦးသိန်းဆွေ ရန်ကုန်မြို့ ကမ်းနားလမ်း တိုးချဲ့ဖောက်လုပ်နေမှုနှင့် ဆိပ်ကမ်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ပန်းဆိုးတန်း၊ ဗိုလ်တထောင်ဆိပ်ကမ်းများနှင့် ကမ်းနားလမ်း တိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် အေးရှားဝေါလ် ဆိပ်ကမ်း၌ ဆိပ်ခံတံတားတိုးချဲ့ ဆောက်လုပ်နေမှု၊ ပြီးစီးမှုအခြေအနေ နှင့် ကုန်သေတ္တာများ တင်/ချ ဆောင် ရွက်နေမှု အခြေအနေများကို လည်း ကောင်း၊ ဝါးတန်းဆိပ်ခံတံတားနှင့် ကိုင်းတန်းတံတားတို့၌ ကမ်းရိုးတန်း သွားစက်လှေများ ဝင်ရောက်ဆိုက်ကပ် နေမှုနှင့် ကုန်တင်/ကုန်ချ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ မြစ်ဝကျွန်းပေါ်မှ ဝင်ရောက်လာသော ပြည်တွင်းရေ ကြောင်းပို့ဆောင်ရေးမှ ရေယာဉ်များ ဝင်ရောက်လာမှုနှင့် ကုန်တင်/ကုန်ချ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေ အနေများကို လည်းကောင်း၊ ဆူးလေ အမှတ်(၅)ဆိပ်ကမ်း၌ နိုင်ငံခြား သင်္ဘောကြီးပေါ်သို့ သစ်လုံးများ တင်/ ချ ဆောင်ရွက်နေမှုနှင့် ရေလမ်းကြောင်း အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်/ထုတ် ကုန်ပစ္စည်းများ စနစ်တကျစစ်ဆေးရေး၊ မြန်ဆန်မှုနှင့် မှန်ကန်မှုရှိအောင်ဆောင် ရွက်ရေး၊လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ ပြည်တွင်းသွား ရေယာဉ် များ ဝင်ချိန်/ထွက်ချိန် မှန်ကန်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် ခရီးသွားလာနိုင်ရေး၊ မတော်တဆမှုများ မဖြစ်ပေါ်စေရေး၊ လုံခြုံရေးအထူးဂရုပြု ရေး၊ ဝန်ထမ်းများ ဆက်ဆံရေး ကောင်းမွန်ရေးနှင့် နိုင်ငံတော်က အားထားရသော နိုင်ငံ့ဝန်ထမ်းကောင်း များဖြစ်အောင် အစဉ်အလေးထား ကြိုးစားလုပ်ကိုင်ကြရေးတို့ကို မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ အေးရှား ဝေါလ် ဆိပ်ကမ်း၌ ဆိပ်ခံတံတား တိုးချဲ့ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောပွဲ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ကျင်းပ

ရန်ကုန် မတ် ၁၂

ရန်ကုန် အနောက်ပိုင်းတက္ကသိုလ် စာသင်ခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟော ပြောပွဲကို မတ် ၁၀ ရက် နံနက် ၁၀ နာရီ တွင် ကျင်းပရာ တက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာအောင်အောင် မင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းနယ်မြေ (၁)မှူး ဒုတိယရဲမှူး မြင့်ကြည်၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးကျော်ဆင့်တို့က ရှင်းလင်းဟောပြောကြသည်။**(ယာပုံ)** အခမ်းအနားသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက် ရောက်ခဲ့ပြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ မော်တော်ယာဉ် ဥပဒေ နည်းဥပဒေပါ လိုက်နာရမည့် အချက်များပါသည့် လက်ကမ်းစာစောင် များ ပေးဝေခဲ့သည်။ (ကြေးမုံ)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၃-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "သွက္ခာတဂုဏ်နှင့်ပြည့်စုံသော ဓမ္မဝိနယ"တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၈)**
- ၈း၄၀ Yangon Lifestyle Furniture Fair 2011 ပြပွဲကြိုတင်ပြင်ဆင် ဆောင်ရွက်မှုများ
- ၈း၅၀ လွယ်ကူသက်သာစားစရာ မန်ကျည်းတော်ဖီနှင့်သံပရာအဆီ
- ၉း၀၀ လယ်တီသာသနာ လယ်တီကျောက်စာ
- ၉း၃၀ Sunday Talk [မောင်လူမွေး(မြန်မာမှု)၊ မျိုးမြတ်သူ]
- ၁၀း၀၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၄)(အဆုတ်ကင်ဆာ)
- ၁၀း၃၀ ဗီဒီယိုပြခန်း
- ၁၀း၅၀ ဈေးဝယ်လမ်းညွှန်(Prety FIT)
- ၁၁း၁၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၁၈)
- ၁၁း၄၀ မန္တလေးမြို့ Kose' ရဲ့ How to Care Your Skin Workshop
- ၁၁း၅၀ ရန်ကုန်မြင်ကွင်းကျယ် (သဃ်န်းကျွန်းမြို့နယ် ကျောင်းသား/ သူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲ)
- ၁၂း၀၅ အစွမ်းထက်မြက်. . . မြန်မာ့ဆေးစွမ်းတစ်လက်
- ၁၂း၃၀ ဘုရားသုံးဆူတောင်တော်မဟာမှ အေးရိပ်ဆာယာ ဘိုးဘွားရိပ်သာ
- ၁း၀၀ "သွက္ခာတဂုဏ်နှင့်ပြည့်စုံသော ဓမ္မဝိနယ"တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဒေါက်တာ နန္ဒမာလာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (သည်းညည်းခံတာကောင်းတယ်၊ သည်းညည်းမခံတာကောင်းတယ်)
- ၃း၃၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၃း၄၅ FIFA နှင့် Goal Project (အပိုင်း-၁)
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၅၈)**
- ၄း၅၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ(အပိုင်း-၃)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ရေသန့်ဆိုသည်မှာ. . .
- ၆း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၄၂)**
- ၇း၂၀ Jewellery Show of the Year (The Rich Gems) (Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show (ရွှေပြည်နန်းကလေးသရုပ်ဆောင် ပြိုင်ပွဲ)
- ၉း၀၅ ဟိုတယ်လမ်းညွှန် (Ocean Paradise Resort, Ngwe Saung Beach)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (ဇာတ်သိမ်းပိုင်း)**
- ၁၀း၁၀ သွားမယ်စားမယ် (Sen Viet)
- ၁၀း၃၀ SINGAPORE Sunday
- ၁၀း၅၀ ရလဒ်ကောင်းများနှင့် Organic
- ၁၁း၀၀ FA Cup (Man City Vs Reading)
- ၁း၀၀ နတ်လူသာခုခေါ်စေသောဝ် (ခေတ်သစ်၊ ဝိုင်းစုခိုင်သိန်း၊ သတိုးစော) (ဒါရိုက်တာ-သော်ကိုကိုကျော်)
- ၁း၂၀ RO ဆိုတဲ့ KTM
- ၁း၄၅ Rainforest Homeland (Part-1)
- ၂း၁၅ ပါရမီတက္ကစီစွမ်းဆောင်အား ပြည်သူများအတွက်အလေးထား
- ၂း၃၀ နည်းပညာအစွမ်းထက် SOLAR HUT
- ၂း၄၅ သက်တံရောင်ကမ္ဘာထဲက TOA Color World
- ၃း၀၅ လွန်းတင်သည့်ကြိုး
- ၃း၂၅ Smart Dictionary အကြောင်း သိကောင်းစရာ
- ၃း၄၀ ပတ္တမြားမြေသို့အလည်တစ်ခေါက်
- ၄း၀၀ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၏ လေ့လာမှုနည်းပညာ
- ၄း၁၅ သာသနာတော်ထွန်းကား အလှုတရားဖြာဝေထားဝယ်မြေ
- ၄း၄၀ ပူဇော်လျှုဒါန်းကြာသက်န်း
- ၄း၄၅ ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၂၅	Stoke City - West Ham	STAR SPORTS (Live)
၁၁း၁၀	Man City - Reading	STAR SPORTS (Live)

အနောက်တိုင်းဆေးဝါးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင် ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် အနောက်တိုင်းဆေးဝါးရောနှောပြီး တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်း မရှိသည့် ဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

စဉ်	ဆေးဝါးအမည်	ထုတ်လုပ်/ဖြန့်ချိဌာန	မှတ်ချက်
၁	ရွှေဂဲ ငှက်ဖျားဖြတ်ဆေး	ရွှေဂဲကျန်းမာသုခ ဆေးတိုက်၊ ရန်ကုန်မြို့။	အနောက်တိုင်း ဆေးဝါးရော/ မှတ်ပုံတင်မရှိ
၂	Pilot မျက်စဉ်း	ရန်ကုန်မြို့။	မှတ်ပုံတင်မရှိ
၃	ဒေါ်လှကြွယ်၏ သူငယ်နာပေါင်းချုပ် (ခ) ဆေးဝါလေး	ဇေယျာလမ်း၊ အမက(၃)မြောက်ဘက်၊ အောင်မင်္ဂလာရပ်၊ ကလေးမြို့။	မှတ်ပုံတင်မရှိ
၄	ဒေါ်လှကြွယ်၏ လေပုပ်ထုတ်ဆေး	ဇေယျာလမ်း၊ အမက(၃)မြောက်ဘက်၊ အောင်မင်္ဂလာရပ်၊ ကလေးမြို့။	မှတ်ပုံတင်မရှိ
၅	မြရတနာ အမှတ်တံဆိပ် အပူငြိမ်းအုပ်ဆေး	ဦးသိန်းအောင်+ဒေါ်တင်ကြည် ဈေးအတွင်း၊ မြောင်မြို့။	မှတ်ပုံတင်မရှိ
၆	လျှာပွတ်ဆေး	ဦးသိန်းအောင်+ဒေါ်တင်ကြည် မြောင်မြို့ဦးဘုရား အနောက်ဘက်မုခ် အနီး၊ မြောင်မြို့။	မှတ်ပုံတင်မရှိ
၇	ရွှေပြည်စိုးအမှတ်တံဆိပ် ကွမ်းရွက်လျက်ဆား	ရွှေပြည်စိုးဆေးဆိုင်၊ ဈေးလမ်း၊ သီရိရတနာဈေးအနီး၊ မုံရွာမြို့။	မှတ်ပုံတင်မရှိ
၈	မြသန္တာ လိမ်းသောက်ရှူ အနန္တဆေး ပရုတ်ဆီ	ချောင်းဦး၊ အုန်းတော၊ စစ်ကိုင်းမြို့နယ်။	မှတ်ပုံတင်မရှိ
၉	သုံးပါးရတနာ စွန် ဆီးရွှင်ဝမ်းနုတ်ဆေး	နွားလပို့တောင်ရွာ၊ ကနီမြို့နယ်။	မှတ်ပုံတင်မရှိ
၁၀	ဆင်မင်း အာယုသုခဆေးကြီး	မြို့ဦး၊ အလုံ၊ မုံရွာမြို့။	မှတ်ပုံတင်မရှိ
၁၁	ဆရာမင်းသိဒ္ဓိလယ်သမား (မူရင်း) ဆေးနီကျော်	အမှတ်(၈၀)၊ သီရိမင်္ဂလာလမ်း၊ နန္ဒဝံမြို့သစ်၊ မုံရွာမြို့။	မှတ်ပုံတင်မရှိ
၁၂	မင်းမင်းဦး၊ နေမင်းဂမုန်းနှာ	အရှေ့ဘက်ဈေးသစ်၊ မုံရွာမြို့။	မှတ်ပုံတင်မရှိ

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း မရှိသော ဆေးဝါးများ၊ အနောက်တိုင်းဆေးရောနှောထားသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းရှင်နှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်း ဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော အထက်ပါစံမညီဆေးဝါးများအား ထုတ်လုပ်တင်သွင်း ဖြန့်ဖြူး ရောင်းချ ခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ ပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လယ် ယာ စ ပါး ပြည့် အား ထား တား ဆီး ကာ ကွယ် မီး ရန် စွယ်

ဝန်ကြီး ဦးအောင်မင်း နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၂

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်-ဆင်သေ(တပ်ကုန်း)-ပင်လောင်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၊ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဆင်သေဘူတာယာဒ်ဝင်း တိုးချဲ့မည့် အခြေအနေနှင့် ဘူတာမြေသား တာပေါင်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ဖျိုင်းအင်းဘူတာနှင့် ဆင်သေဘူတာ အကြား နဝင်းချောင်းတံတား တည်ဆောက်မည့် မြေနေရာနှင့် မြေသား တာပေါင်များ ဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြပြီး တပ်ကုန်းမြို့နယ် ဖျိုင်းအင်းဘူတာအနီးရှိ နေပြည်တော် - ဆင်သေ(တပ်ကုန်း)- ပင်လောင်းရထားလမ်း ဖောက်လုပ်ရေး စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း အင်ဂျင်နီယာ ဦးဇော်မင်းဦးက စီမံကိန်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက အဆိုပါလမ်း အမြန်ပြီးစီးရေး အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် ဆင်သေဘူတာနှင့် ပေတောကုန်းဘူတာ အကြားရှိ ဖျိုင်းအင်းဘူတာ တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ပေတောကုန်းဘူတာ တည်ဆောက်နေမှု၊ မြေသားတာပေါင် များကို စက်ယန္တရားများဖြင့် ဆောင်ရွက် နေမှု၊ ရေဦးကျေးရွာအနီး ရေဦးဘူတာ ယာဒ်ဝင်း မြေသားလုပ်ငန်းဆောင်ရွက် နေမှုနှင့် ရေဦးဘူတာ တည်ဆောက်နေမှု တို့ကို လည်းကောင်း၊ ရေဦးကျေးရွာအနီး မြေသားတာပေါင်များအား စက်ယန္တရား များဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများ အား မြေသားတာပေါင် မြင့်သဖြင့် မြေပြိုကျမှုမှကာကွယ်ရန် တာပေါင်ဘေး၌ သစ်ပင်များ ကြိုတင်စိုက်ပျိုးထားကြရန် မှာကြားသည်။

အဆိုပါ နေပြည်တော်-ဆင်သေ (တပ်ကုန်း)-ပင်လောင်း ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် အရှည် မိုင် ၁၂၀ ရှိပြီး နေပြည်တော်-မန္တလေး ရထား လမ်းမကြီး၏ နေပြည်တော်နှင့် တပ်ကုန်း အကြားရှိ ဆင်သေဘူတာမှ ခွဲထွက်ကာ အောင်ပန်း-ပင်လောင်း ရထားလမ်းပေါ်ရှိ သစ်ပင်ကြီးဘူတာမှတစ်ဆင့် ပင်လောင်းသို့ ဝင်ရောက်မည်ဖြစ်သည်။ နေပြည်တော်နှင့် ရှမ်းပြည်နယ် ပင်လောင်းမြို့မှ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ဆက်သွယ်ပေးသည့် ရထားလမ်းဖြစ်ပြီး အဆိုပါရထားလမ်းအား အပိုင်းလိုက်ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထား ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း နေပြည်တော်-ဆင်သေ (တပ်ကုန်း)-ပင်လောင်းရထားလမ်း ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံမှ လေ့လာရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၁၂

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Naval War College, 40th Pakistan Navy Staff Course မှ Commodore Ather Mukhtar ဦးဆောင်သော နည်းပြနှင့် သင်တန်းသားများ ပါဝင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့နံနက် ပိုင်းတွင် ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး**(အောက်ပုံ)** ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန် မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတ နိုင်ငံ လေ့လာရေးအဖွဲ့ဝင်များသည် မတ် ၈ ရက် နံနက် ၉ နာရီ တွင် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြပြီး ရန်ကုန်၊ နေပြည်တော်၊ တောင်ကြီးမြို့တို့၌ လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သရက်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၂

သရက်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ် မြို့သစ်(က+ခ) ရပ်ကွက် ခ/၁၀ လမ်းနှင့် ဘုရင့်နောင် လမ်းမကြီးထောင့်ရှိ မြို့သစ် ဓမ္မာရုံကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ် ပြည့်ပြီးသူများ၊ ပါရဂူဘွဲ့ရသူများ၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူများ အမည်စာရင်းကို အထောက်အထားများဖြင့် ဦးလှဝမ်း-ဒေါ်မြမိုးနှင်း ဖုန်း-၆၄၃၆၀၇၊ ဦးကျော်စိုး ဖုန်း-၃၈၇၁၅၉၊ ဦးသိန်းဘော် ဖုန်း-၇၂၀၈၈၀၊ ဦးတင်အောင် ဖုန်း-၅၂၂၃၁၄၊ ဦးလှမျိုးအောင် ဖုန်း-၀၉-၅၀-၈၉၅၃၇ တို့သို့ မတ် ၂၀ ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန်နှင့် အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃-၃-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး-ဗိုလ်ကလေး တင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
- ၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၅ ၈။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၂၄)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "မေတ္တာကိုယ်စားနှင်းပါ့မယ်" (ခင်မောင်ထွေး၊ တင်တင်လှ၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-မောင်စိန်သော်)**
- ၂း၄၀ ၇။ အကပြိုင်ပွဲ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၁၀ ၃။ တေးဂီတအစီအစဉ်
- ၄း၂၀ ၄။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄း၃၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
- ၄း၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၅ ၇။ (၆၆)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၀၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၅း၄၀ ၉။ "ကမ္ဘာမှာထင်ရှား ဂုဏ်ယူဝင့်ကြွား မြန်မာ့ကျောက်မျက်ရတနာများ"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း" (အပိုင်း-၁၂)**
- ၆း၄၀ ၁၃။ **တစ်မျက်နှာတစ်ကွက်စာ "မနှောင်းသေးပါ" (မိုးထက်ပိုင်၊ ကေကေမိုးမြင့်) (ဒါရိုက်တာ-လင်းထွဋ်မောင်)**
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၃၀)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၁၀၇)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကွန်ဖူးချစ်သူ" (အပိုင်း-၁၄)**
- ၂၀။ "ရင်လှိုင်းခတ်သံ တေးသီဟန်"
- ၂၁။ အစီအစဉ်ပြီး၏။

အမြို့မြို့အနယ်နယ်တွင် သာယာစည်ပင်

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအမ်လှသောင်းနှင့် ဝန်ထမ်းများ ရန်ကုန်ဘက်အထွက်လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်တွင် ချုံခုတ်ခြင်း၊ အမှိုက်များ မီးရှို့ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၆ ရက်က ဆောင်ရွက်စဉ်။ (သတင်းစဉ်)

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ဗိုလ်ချုပ်နေဝင်းလမ်းဘေး ဝဲ၊ ယာ ချုံနွယ်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းတူးဖော်ခြင်းနှင့် ပန်းအလှပင်များ ပြုပြင်ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော သရက်ကုန်း-ညောင်ဒေါက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစောရွှေနှင့် (လုပ်ငန်းတာဝန်ခံ အင်ဂျင်နီယာ) အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်နိုင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောင်းဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း သားငါးတန်းတွင် ရောင်းချနေသော သားငါးများ သန့်ရှင်းလတ်ဆတ်မှု ရှိ၊ မရှိနှင့် ယင်လုံဆန်ခါတပ်ဆင်ရောင်းချမှု ရှိ၊ မရှိ အခြေအနေများကို မတ် ၁ ရက်က ချောင်းဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ဆန်းယဉ်နှင့် ဈေးဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

လက်ထပ်ပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နေ ဗိုလ်ကြီးအောင်မြင့်(ငြိမ်း)-ဒေါ်ခင်သောင်းတင်တို့၏သား

ဗိုလ်ကြီးအောင်ကျော်စံ

B.Sc (Electronic), (D.S.A)

နှင့်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးဝင်းမြင့်(ရေယာဉ်မှူး၊ M.P.E)- ဒေါ်ခင်သိန်းတို့၏သမီး

မခင်သွဲ့သွဲ့ဖြိုး

B.C.Sc(Hons:), M.C.Sc(U.C.S.Y)

Diploma in Global English

တို့၏ ၅-၃-၂၀၁၁ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး (ဇေရာခန်းမ)၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ခဲ့ကြသည့် စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် မင်္ဂလာအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့်**

ဗိုလ်ကြီးအောင်ကျော်စံ-မခင်သွဲ့သွဲ့ဖြိုး

၁၉၇၀ ပြည့်နှစ်မှ ၁၉၇၄ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် **မြန်မာစာဌာန ကျောင်းသား၊ ကျောင်းသူများ၏ ပထမအကြိမ် ဆရာ၊ ဆရာမများအား ပူဇော်ကန်တော့ပွဲကို မတ် ၆ ရက် (တနင်္ဂနွေနေ့)က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ တော်ဝင်နှင်းဆီ သီရိခန်းမ၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြစဉ်။** (ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးကြည်တင် တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း ပြုစုပျိုးထောင်ထားသည့် ပန်းအလှပင်များအား ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

(၃၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၂

၂၀၁၁ ခုနှစ် (၃၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ (၉)မိုင် မြန်မာဂေါက်ကွင်း၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က အသင်းခေါင်းဆောင်များ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယဆုရ မွန်ပြည်နယ်အသင်းမှ ဦးကိုကိုနိုင်၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီးအသင်းမှ ဦးသိန်းဦးနှင့် ပထမဆုရ ပဲခူးတိုင်းဒေသကြီးအသင်းမှ ဦးထွန်းဇော်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးတင်ဦးက တစ်ဦးချင်းအကျော့မဲ့ပြိုင်ပွဲတွင် ပဉ္စမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းမှ စိုးအောင်၊ စတုတ္ထဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ အောင်သန်းထိုက်တို့အား လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်းမှ Club Captain ဦးစိုးဝင်းက တတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)အသင်းမှ သီဟအောင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ နိုင်ရဲလင်းနှင့် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သိန်းနိုင်စိုးတို့အား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသင်းလိုက် အကျော့မဲ့ပြိုင်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်က တတိယဆုရ တနင်္သာရီတိုင်းဒေသကြီးအသင်းအား လည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းအား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား လည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တံခွန်စိုက်ဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး အသင်းခေါင်းဆောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ မြန်မာဂေါက်သီးရိုက်အသင်းသို့ လှူဒါန်းသည့် ငွေကျပ် ၁၀ သိန်းကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပေးအပ်လှူဒါန်းရာ မြန်မာ ဂေါက်သီးရိုက်အသင်းမှ Club Captain ဦးစိုးဝင်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (၃၃)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂေါက်သီးရိုက်ပြိုင်ပွဲ၌ ပထမဆုရရှိသော စစ်ကိုင်းတိုင်းဒေသကြီးအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (အား/ကာ)

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

အာဆင်နယ်ဂိုးသမား ဆက်ဇ်နီ ခြောက်ပတ်ခန့်နားရမည်

လန်ဒန် မတ် ၁၂

အာဆင်နယ်ဂိုးသမား ဆက်ဇ်နီသည် လက်အဆစ်လွဲဒဏ်ရာကြောင့် ခြောက်ပတ်ခန့်အနားယူရတော့မည်ဟု အသင်းဝက်ဘ်ဆိုက်က တရားဝင်ထုတ်ပြန်လိုက်သည်။

ဆက်ဇ်နီသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ဒုတိယအကျော့အဖြစ် စပိန်မြေနူးကမ့်၌ ဘာစီလိုနာနှင့် ကစားခဲ့သည့်ပွဲတွင် အဲလ်ဗက်စ်၏ အလွတ်တည်ကန်ဘောကို ကာကွယ်ရာမှ ဘယ်ဘက်လက်ချောင်းအဆစ်လွဲခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ခြောက်ပတ်ကြာအနားယူရတော့မည့် ဆက်ဇ်နီ၏ နေရာတွင် အစားထိုးရန် အာစင်ဝင်းဂါးအနေဖြင့် ပြင်ဆင်လျက်ရှိသည်။ သို့သော် ပရီမီယာလိဂ်မှ တာဝန်ရှိသူများ၏ ခွင့်ပြုချက်ကိုမူ ရယူထားခြင်းမရှိသေးပေ။ ယခုလောလောဆယ် ဆက်ဇ်နီဒဏ်ရာကြောင့် နားနေချိန်တွင် အာဆင်နယ်အသင်း၏ ဂိုးပေါက်အား အယ်လ်မူနီယာကို တာဝန်ယူစေမည်ဖြစ်သည်။ **အင်တာနက်။**



မော်ရင်ဟို ပရီမီယာလိဂ်သို့ ပြန်လာမည်ဟုဆို

မက်ဒရစ် မတ် ၁၂

စပိန်လာလီဂါ ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်ကို ကိုယ်တွယ်နေသည့် မော်ရင်ဟိုသည် အင်္ဂလန်သို့ ပြန်လာပြီး ပရီမီယာလိဂ်အသင်းတစ်သင်းကို ကိုင်တွယ်လိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်ဟု သတင်းများတွင် ဖော်ပြထားသည်။

မော်ရင်ဟိုသည် လွန်ခဲ့သည့် သုံးနှစ်ခန့်က ချယ်လ်ဆီးမှထွက်ခွာပြီး အီတလီစီးရီးအေကလပ် အင်တာမီလန်ကို ကိုင်တွယ်ခဲ့ရာ ပြည်တွင်းလိဂ်တွင်သာမက ဥရောပချန်ပီယံလိဂ် ဆုဖလားကြီးကိုပါ ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးထားနိုင်ခဲ့သည်။ ထိုမှ ရီးယဲလ်မက်ဒရစ်သို့ ရောက်လာချိန်တွင် မော်ရင်ဟိုအနေဖြင့် အင်္ဂလန်သို့ ပြန်လာလိုသည့် အရိပ်အမြွက်စကားများကို မကြာခဏ ပြောဆိုလာခဲ့သည်။

မော်ရင်ဟိုအား ခေါ်ယူလိုနေသည့် အသင်းများထဲတွင် မန်ယူနှင့်လီဗာပူးတို့က ထိပ်ဆုံးမှ ပြေးနေပြီး မန်စီးတီးနှင့် စပါးတို့ကလည်း ၎င်းအား စိတ်ဝင်စားလျက်ရှိနေသည်။ ထို့ပြင် ၂၀၀၇ ခုနှစ် စက်တင်ဘာလက မော်ရင်ဟိုစွန့်ခွာခဲ့သည့် ချယ်လ်ဆီးအသင်းလည်း ပါဝင်သည်ဟုဆိုသည်။ **အင်တာနက်။**

ပေါင်ခြံနာတဲ့ဂျရတ် တစ်လခန့်နားရဖွယ်

လန်ဒန် မတ် ၁၂

လီဗာပူးအသင်းခေါင်းဆောင် ဂျရတ်သည် ပေါင်ခြံဒဏ်ရာကြောင့် တစ်လခန့် အနားယူရတော့မည်ဟု သိရသည်။ ဂျရတ်၏ အဆိုပါ ပေါင်ခြံဒဏ်ရာမှာ ပြင်းထန်ခြင်း မရှိလှသော်လည်း အကယ်၍ ခွဲစိတ်ကုသမှုခံယူရမည်ဆိုပါက တစ်လထက်ပင် ကျော်လွန်၍ အနားယူရဦးမည်ဖြစ်သည်။ ဂျရတ်သည် ယင်းဒဏ်ရာကြောင့် ဧပြီ ၁၂ ရက် နံနက်ပိုင်းတွင် မန်စီးတီးအသင်းနှင့် အိမ်ကွင်းကစားရမည့် ပရီမီယာလိဂ် ပွဲစဉ် (၃၂)အထိ လွဲချော်ရတော့မည်ဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

ဟန်သစ်

အောက်ပိုင်းဒေသများ ကွက်ကျားမိုးဆက်လက်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **နေ့အပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** နေပြည်တော်(ရေဆင်း)၊ နေပြည်တော်(ပျဉ်းမနားမြို့နယ်)၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့နှင့် ပြည်မြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ညောင်လေးပင်မြို့တွင် ၁ ဒသမ ၄၂လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၀၂လက်မ၊ မြိတ်မြို့တွင် သုည ဒသမ ၇၅လက်မ၊ ကော့ကရိတ်မြို့တွင် သုည ဒသမ ၇၁ လက်မ၊ ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၅၅ လက်မ၊ ပဲခူးမြို့နှင့် ခရမ်းမြို့တွင် သုည ဒသမ ၄၃ လက်မစီ၊ ရန်ကုန်(ကမ္ဘာအေး)နှင့် ဇလွန်မြို့တို့တွင် သုည ဒသမ ၃၉ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၁၃ ရက် ညနေထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မတ် ၉ ရက်က ဆီဆုံလမ်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေ ဦးဝင်းထိန်-ဒေါ်ကျော့ကျော့တင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၌ အသုံးပြုရန် သံဃာတစ်ပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုတစ်စုံအတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးသိန်းအောင်လက်ခံစဉ်။ (သတင်းစဉ်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ဖူကူရှီးမားဒိုင်အိချိနျူကလီးယားစက်ရုံ ဓာတ်ပေါင်းဖိုပေါက်ကွဲမှုကို တွေ့ရစဉ်။

ဆူနာမီဒဏ်ခံ ဂျပန်နိုင်ငံ၌ နျူဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ် နျူကလီးယားအရေးပေါ်အခြေအနေ ကြေညာချက်ထုတ်

တိုကျို မတ် ၁၂

အင်အားရစ်ချ်တာစကေး ၈ ဒသမ ၉အဆင့်ရှိ ငလျင်နှင့် ဆူနာမီရေလှိုင်းများဒဏ်ကို ခံစားခဲ့ရသော ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားစက်ရုံရှိ အမှတ်(၁) ဓာတ်ပေါင်းဖို၌ မတ် ၁၂ ရက်က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖူကူရှီးမားစီရင်စုရှိ နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ငလျင်နှင့်ဆူနာမီဒဏ်ကြောင့် ဓာတ်ပေါင်းဖိုတစ်လုံး အအေးပေးစနစ်ပျက်စီးခဲ့ပြီး နျူကလီးယားမတော်တဆမှုဖြစ်ပွားလာနိုင်ကြောင်း သတိပေးချက်ထွက်ပေါ်ခဲ့ပြီးနောက် ဓာတ်ပေါင်းဖိုပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားသော နျူကလီးယားဓာတ်ပေါင်းဖိုသည် ရေဒီယိုသတ္တိကြွမှုများ ဖြစ်ပွားလျက်ရှိသော်လည်း ပြောပလောက်ဖွယ်မရှိသေးကြောင်း ဂျပန်အစိုးရက ပြောကြားခဲ့သည်။သို့ရာတွင် နျူကလီးယားအရေးပေါ်အခြေအနေကို ကြေညာထားသည်။

တစ်ကမ္ဘာလုံးတုန်လှုပ်ခဲ့ရသည့် ၁၉၈၆ ခုနှစ် ဆိုဗီယက်ပြည်ထောင်စု၏ ချာနိုဘိုင်းလ်နျူကလီးယားဓာတ်ပေါင်းဖို ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း အဆိုးရွားဆုံးနျူကလီးယားကပ်ဘေး ဖြစ်လာနိုင်သည့် ဖူကူရှီးမား **စာမျက်နှာ ၅ ကော်လံ ၁ သို့**✳

ခေတ်မီစိုက်ပျိုးနည်းပညာဖြင့် ဖရဲစိုက်ပျိုး ဝင်ငွေတိုးနေသူများ

သတင်းဆောင်းပါး - ဇင်ဘိုမင်း ➢ ဓာတ်ပုံ - ခင်မောင်ဝင်း

သူငယ်ချင်းတစ်ယောက်၏ဖိတ်ခေါ်မှုကြောင့် မတ်လဆန်းပိုင်းက နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာကလေးသို့ ကြေးမုံသတင်းအဖွဲ့ သွားရောက်လေ့လာဖြစ်ခဲ့သည်။ ခေတ်မီစိုက်ပျိုးနည်းပညာများ တိုးတက်လာသည်နှင့်အညီ ရွာအဝင်လယ်ကွင်းပြင်၌ စိုက်ပျိုးထားသော ဖရဲသီးစိုက်ခင်းရှိ ဖရဲသီးများမှာ သန်မာကြီးထွားဖွံ့ဖြိုးနေပုံကို မြင်ရရုံဖြင့် စားချင်စဖွယ်ရှိလှသည်။

ဖရဲသီးသည် အရည်ရွှမ်းသော သီးနှံတစ်မျိုးဖြစ်ပြီး အအေးစာလည်းဖြစ်သည်။ ဖရဲသီးကို လူကြီး၊ လူငယ် အရွယ်မရွေး ကြိုက်နှစ်သက်ပြီး အလွယ်တကူဝယ်ယူစားသုံးနိုင်သည့် သီးနှံတစ်မျိုးဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖